မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၃၂)

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ရှိ လက်တွေ့သုတေသနပြုလုပ်ရန် ပြုစုပျိုးထောင်ထားသည့် ပရဆေးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန်　ဩဂုတ် ၃၁

၂၀၀၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံဘုရင် တူအန်ကူ ဆာရက် ဆီရာဂျူဒင် အီဘနီ အယ်လ်မာဟွမ် တူအန်ကူ ဆာရက် ပူထရာ ဂျာမာလူလေထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲက အသုံးများသည့်အိမ်သုံးဆေးများ လုံလုံလောက်လောက်ထုတ်လုပ်ရန် လမ်းညွှန်ထား

မိမိတို့နိုင်ငံတွင်အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ကုဆေးဝါးများ

ကျေးလက်နေပြည်သူများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်မည့် အစီအစဉ်များ ကြိုတင်စီမံဆောင်ရွက်

တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၏ အကျိုးအာနိသင် စဉ်ဆက်မပြတ်သုတေသနပြုစစ်ဆေး

သုတေသနလုပ်ငန်းဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ပြင်ဦးလွင်

ဆေးဝါးလုပ်ငန်းစက်ရုံ

(စီမံကိန်း)

နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သည့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန်၊ မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူစွာဖြင့် ဖြန့်ဖြူးနိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရရှိရန်နှင့် ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ရယူသုံးစွဲ၍ ဆေးဝါးထုတ်လုပ်မှု နည်းပညာအသိကြွယ်ဝစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)ကို အကောင်အထည်ဖော်ဆောင်ရွက်နေ။

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

31-8 (01).p65　1　3/24/05, 9:50 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

နိုင်ငံတော်၏အနာဂတ် တည့်မတ်ခိုင်မာစွာ ရပ်တည်နိုင်ရေး အမျိုးသားရေးတာဝန်များ ကျေပွန်အောင် ဝိုင်းဝန်းထမ်းဆောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နှစ်ပေါင်း ၁၅၀ခန့်ကြာအောင် ကြမ်းတမ်းခက်ထန်သော သမိုင်းကြောင်းကို ဖြတ်သန်းခဲ့ရပေသည်။ မကြာသေးသည့် ဆယ်စုနှစ်တစ်စုကျော်ကာလမှစ၍ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို စတင်ခံစားလာခဲ့ရခြင်း ဖြစ်ပေသည်။

ယနေ့ထက်တိုင်လည်း ကိုလိုနီနယ်ချဲ့လက်အောက်ခံ သူ့ကျွန်ဘဝ၏ ဆိုးမွေလက်ကျန်များ၊ ပါလီမန်ခေတ်ကာလ၏ အယူဝါဒရေး၊ ပုဂ္ဂိုလ်ရေး တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများက ပေါက်ဖွားလာသော စိတ်ဝမ်းကွဲပြားမှု၊ ဆူပူမှု၊ သောင်းကျန်းမှု၊ ဖျက်ဆီးမှု အနိဋ္ဌာရုံများက မလွတ်ကင်းနိုင်သေးဘဲ အဆိုပါဆိုးမွေများ လုံးဝချုပ်ငြိမ်းပပျောက်သွားစေရန် ကြိုးစားတိုက်ဖျက်နေရဆဲပင် ဖြစ်သည်။

ယင်းသို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းစေရန်၊ နိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောစေရန်အတွက် တစ်မျိုးသားလုံး ဝိုင်းဝန်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေချိန်တွင် အမျိုးသား ပညာရည်မြင့်မားမှု စွမ်းအားများ ပြည့်ဝခိုင်မာနေစေရန် အထူးလိုအပ်ပေသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ်လ၂၉ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် ပြည်သူအများ စွမ်းရည်ပြည့်ဝအောင်၊ ပညာရည်မြင့်မားအောင်၊ ကျန်းမာရေး ကြံ့ခိုင်ကောင်းမွန်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုသကဲ့သို့ အမျိုးသားရေးစွမ်းအား ခါးဆက်မပြတ်စေရန်နှင့် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုစွမ်းအားထက်မြက် မြင့်မားစေရန် မျိုးဆက်သစ်လူငယ်များကို ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်၏ သမိုင်းကြောင်း သင်ခန်းစာ၊ အနာဂတ် လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ ယနေ့လူငယ်များကို ကြိုတင်လေ့ကျင့် ပုံဖော်ပေးနိုင်မှသာလျှင် လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အရည်အသွေးစွမ်းရည်၊ စိတ်ဓာတ်နှင့် အသိပညာ၊ အတတ်ပညာများ ပြည့်စုံခိုင်မာလာမည် ဖြစ်သည်။

လူငယ်များ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်လာစေရန်အတွက် နိုင်ငံတော်၏ ပကတိ အခြေအနေမှန်များ၊ အနာဂတ် မျှော်မှန်းချက်များနှင့် အလားအလာများ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို လူငယ်များသိရှိနားလည်အောင် ပညာရေးကဏ္ဍမှနေ၍ ဖော်ဆောင်ပေးရမည် ဖြစ်သည်။

ယင်းသို့ အတွေ့အကြုံ၊ ဗဟုသုတ၊ အသိပညာတိုးပွားစေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်ရေးအတွက် ဆင်ခြင်တုံတရားနှင့် နှိုင်းဆချင့်ချိန်သုံးသပ် ဆောင်ရွက်နိုင်ရန်တို့အပြင် နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှု နည်းစနစ်များကို ကျွမ်းကျင်တတ်မြောက်စေရန် စသည့်မြင့်မားသော ရည်မှန်းချက်များဖြင့် နိုင်ငံတော်က လူငယ်လူရွယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး၊ အမျိုးသားရေး တာဝန်များ ကျေပွန်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁-၈-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Importance of Micro Business in Economic Development. (ပထမနှစ်-စီးပွားရေးပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပျံ့သာပျံ့ပါ ထက်အာကာ"** (အပိုင်း-၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နှင်းနဂါးသိုင်း"**(အပိုင်း-၂၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၀) ရပ်ကွက်ရှိ နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဩဂုတ် ၁၀ရက်က ကျင်းပရာ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ အလှူရှင် ဒေါက်တာကြင်-ဒေါက်တာခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)တို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဦးစိုးသာ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ပခုက္ကူစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၂၇ရက်က ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာ အမှတ်(၅၇)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များအား တွေ့ဆုံရာ ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်က ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး ပန်းတိုင်းခြုံကျေးရွာ အမှတ်(၅၇) အခြေခံပညာမူလတန်းလွန်ကျောင်း စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ရေစကြိုမြို့နယ်ရှိ လိုတရသရက္ခန်ရွှေဂူ မြတ်စွာဘုရားကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး အာရုံခံတန်ဆောင်းတွင် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော အရှည်ခြောက်မိုင် တစ်ဖာလုံရှိ ရွှေတန်းတစ်-ဆင်ကြို့လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူ စက်မှုဇုန်သို့ သွားရောက်၍ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ပခုက္ကူစက်မှုဇုန်၏ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင် ရွက်ရန်နှင့် ပခုက္ကူစက်မှုဇုန်အား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပခုက္ကူစက်မှုဇုန်မှ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးကူညီပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပခုက္ကူခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်အသင်း စည်းရုံးရေးမှူးများအား တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင်သည် ဩဂုတ် ၂၈ရက်တွင် ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်မည့် ချင်တောင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး ကျေးလက်လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော ပခုက္ကူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်နေသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဇီဝဓာတ်ငွေ့သုံး ကျေးလက်လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် ချင်တောင်ကျေးရွာ၌ ရပ်မိရပ်ဖများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသော အမှတ်(၁၁) အခြေခံပညာမူလတန်းလွန်ကျောင်း စာသင်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဆိပ်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မင်းဘူးခရိုင်နှင့် ဆိပ်ဖြူမြို့နယ်၊ ချောက်မြို့နယ် အသင်းများမှအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက်အသင်းများမှ စည်းရုံးရေးမှူးများအား တွေ့ဆုံဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူး ချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟို ဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက် စည်ပင်ဝပြောရေးအတွက် မြန်မာတစ်မျိုးသားလုံး ဝိုင်းဝန်း ကြိုးပမ်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်နိုင်ငံ ကိုယ်တည်ဆောက်နေ သည့်ယနေ့အချိန်အခါတွင် အမျိုးသား ပညာရည် မြင့်မားမှုစွမ်းအား ပြည့်ဝ ခိုင်မာနေစေရန် အထူးလိုအပ်သည် ကို ဆရာ ဆရာမများ အားလုံးက အလေးအနက်ခံယူထားပြီးဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

နိုင်ငံတော်အစိုးရ အနေနှင့် လည်း အမျိုးသားပညာရည်မြင့်မား ရေးတွင် ဆရာ ဆရာမများ၏ အရေး ပါသည့် အခန်းကဏ္ဍကို အသိအမှတ် ပြုပြီး ယခုလို ဆရာ ဆရာမများ အတွက် အထူးမွမ်းမံသင်တန်းများကို အလေးထား ဖွင့်လှစ်ပေးခြင်းပင်ဖြစ် ကြောင်း။

ဖွင့်လှစ်ပေး

ဆရာ ဆရာမများအားလုံး စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည် စေရန်၊ နိုင်ငံတော်၏ ပကတိအခြေ အနေမှန်များ၊ အနာဂတ်မျှော်မှန်းချက် နှင့် အလားအလာများ၊ နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ ကို သိရှိနားလည်စေရန်၊ အတွေ့အကြုံ အသိအမြင် ဗဟုသုတ ပွားများစေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်ရေး အတွက် ဆင်ခြင်တုံတရားဖြင့် နှိုင်းဆ ချင့်ချိန် သုံးသပ်ဆောင်ရွက်နိုင်မည့် အပြင် နိုင်ငံတကာအဆင့်မီ ပညာ သင်ကြားရေးကို အထောက်အကူ ဖြစ်စေမည့် သင်ကြားမှု သင်ယူမှု နည်းစနစ်များကို ကျွမ်းဝင်တတ် မြောက်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များ ထားရှိပြီး ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ် ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဤအထူးမွမ်းမံ သင်တန်းများသည် ဆရာ ဆရာမ များ၏ ပင်ကိုရှိရင်းစွဲ အတွေ့အကြုံ ဗဟုသုတ၊ စွမ်းဆောင်မှုအရည်အသွေး နှင့် စိတ်ဓာတ်တို့ကို ပိုမိုတောက်ပြောင် ထက်မြက်မြင့်မား လာစေမှာဖြစ်၍ ဆရာ ဆရာမများအတွက်ရော မိမိ တို့၏ တပည့်ကျောင်းသူ ကျောင်းသား များအတွက်ပါမက နိုင်ငံတော်အတွက် ပါ အလွန်တရာ အကျိုးတရားပွားများ စေမှာဖြစ်ကြောင်းကို ခံယူထားကြရန် ပထမဦးစွာ ပြောကြားလိုကြောင်း။

ကြိုးစားလေ့လာ

ဆရာ ဆရာမများအနေနှင့် တစ်နေ့တခြား ပိုမိုကျယ်ဝန်းနက်ရှိုင်း လာနေသည့် ပညာရေးကဏ္ဍ၏ လုပ်ငန်း တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်သာမက အခြေအနေ အချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ကို ဖော်ဆောင် မြှင့်တင်ပေးနိုင်ရေး အတွက်ပါ ရည်မှန်းပြီး ဤသင်တန်း က ပေးလာမည့် ပညာဉာဏ် အတွေ့ အကြုံ ဗဟုသုတတို့ကို အပြည့်အဝ ရရှိစေရန် ကြိုးစားလေ့လာသွားကြ ပါဟု တစ်ဆက်တည်း မှာကြားလို ကြောင်း။

အမျိုးသားပညာရည် မြင့်မား ရေးနှင့်ပတ်သက်၍ ၁၉၉၈ခုနှစ်က အခြေခံပညာကဏ္ဍတွင် စတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သည့် ပညာရေးမြှင့်တင်မှု အစီအစဉ် အဆင့်ဆင့်မှသည် အခြေခံပညာ ကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ချိတ်ဆက်ပြီး ၂၀၀၀ပြည့်နှစ်က စတင် ခဲ့သည့် အမျိုးသားပညာရည်မြင့်မား ရေး အထူးလေးနှစ်စီမံကိန်းနှင့် ဤ အထူးလေးနှစ်စီမံကိန်း၏ ဒုတိယ နှစ်က စတင်ပြီး ပေါင်းစပ် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုး သားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း စသည့် စီမံကိန်း အဆင့်ဆင့်တွင် သူ့အဆင့်အလိုက် လုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာတွင် အခြေခံပညာ နှင့် တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ၊ ပညာရေးသုတေသီများ၊ ပညာရှင်ကြီးများ၊ ပညာရေး စီမံခန့်ခွဲ သူများနှင့် ကျောင်းသူ ကျောင်းသား များ၊ မိဘပြည်သူများ၏ ပူးပေါင်း လက်တွဲ စွမ်းဆောင်မှုများသည် လွန်စွာမှ အားရကျေနပ်ဖွယ် ဖြစ်ထွန်း လာခဲ့သည်ကို တွေ့ရကြောင်း။

တည်မှီ

အထူးသဖြင့် အမျိုးသား ပညာ ရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်း၏ အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်ကြီး ၁၀ရပ်အနက်–

- **နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီး မြောက်ရေး၊**
- **အခြေခံပညာ အရည်အသွေး မြင့်မားရေး၊**
- **ခေတ်မီဆက်သွယ် ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်ကြားမှု သင်ယူမှု အခွင့်အလမ်းများ ပိုမို တိုးတက်ရေး၊**
- **ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့ သားကောင်းများအဖြစ် ပြုစု ပျိုးထောင်ပေးရေး၊**
- **မိဘပြည်သူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုး မှုလုပ်ငန်းများ တိုးမြှင့်ဆောင် ရွက်ရေး**

စသည့် လုပ်ငန်းစဉ်များ အောင်မြင် ဖြစ်ထွန်းရေးသည် အနယ်နယ်အရပ် ရပ်တွင် အခြေခံဒေသ ကျေးလက် အထိ ဖြန့်ကြက် တာဝန်ထမ်းဆောင် နေကြသည့် ဆရာ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှု၊ စည်းရုံးဆောင်ရွက်နိုင်မှုတို့ အပေါ် တည်မှီလျက်ရှိကြောင်း။

နိုင်ငံတော်က အလေးထား ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများသည်လည်း အခြေခံပညာကျောင်းများ၊ အဆောက် အအုံနှင့် အသွင်အပြင် တိုးတက် ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ သင်ကြားမှု သင်ယူမှု အထောက် အကူပြုပစ္စည်းများ ပြည့်စုံရေး လုပ်ငန်း များတွင် မိဘပြည်သူများ ပူးပေါင်း ပါဝင်လာစေရန် ဆရာ ဆရာမများ၏ စည်းရုံးဆွဲဆောင်နိုင်မှုအပေါ် များစွာ မူတည်လျက်ရှိကြောင်း။

ခံယူထား

ထို့ကြောင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ပညာ ရေးလုပ်ငန်းတာဝန်များကို သာမန်မျှ သဘောမထားဘဲ ကျေးလက် ပညာ ရည်မြင့်မားရေးမှသည် တစ်မျိုး သားလုံး ပညာရည်မြင့်မားရေး၊ ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက် ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပဓာနကျသည့် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်ကို ခံယူ ထားကြရန် ပြောကြားလိုကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပညာ ရည်မြင့်မားရေးလုပ်ငန်းများသည် နိုင်ငံ တော်သစ် တည်ဆောက်ရေး ဖြစ်စဉ် အဆင့်ဆင့်၏ အခြေခံ အကျဆုံး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ခံယူ ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

အခြေခံကောင်းရရှိ

နိုင်ငံတော်အစိုးရအနေနှင့် တိုင်း တစ်ပါးက ဖန်တီးလာသည့် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ဖိအား ပေး အကျပ်ကိုင်မှုများက လွန်မြောက် စေရန် ကြိုးပမ်းတွန်းလှန်ရင်း တိုင်း ပြည် အဘက်ဘက်က ဖွံ့ဖြိုး တိုးတက် စေရန်၊ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်၊ ဖွံ့ဖြိုးရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံဖူလုံစေရန်၊ ပညာရေး ကျန်းမာ ရေးအဆင့်အတန်း မြင့်မားစေရန်၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်စေရန်၊ နယ်စပ်ဒေသ ကျေး လက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက် တစ်စထက်တစ်စ ကျဉ်းမြောင်းလာ စေရန် ပြည်သူများ၏ အားကိုရယူပြီး တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက် လာခဲ့သည့်အတွက် အောင်မြင်ဖြစ် ထွန်းမှု အခြေခံကောင်းများလည်း ယနေ့အချိန်အခါတွင် ရရှိနေပြီ ဖြစ် ကြောင်း။

ယခုဆိုရင် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်၏ အခြေခံအကျဆုံး ခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးသည်လည်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး မကြာမီသောကာလတွင် ဆက်လက် ကျင်းပနိုင်ရန် အသင့်ဖြစ်နေပြီ ဖြစ် ကြောင်း။

ကြိုးပမ်းထမ်းဆောင်

ဆရာဆရာမများ အနေနှင့် လည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေး အကျိုး စီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်း မှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းရေး၊ စည်းလုံး ညီညွတ်သည့်ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ ဥမကွဲသိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေး ဆို သည့် မွန်မြတ်မြင့်မားသည့် ရည်မှန်း ချက်များထားရှိပြီး တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များနှင့် အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ဖြစ်ထွန်းရေး အမျိုးသားရေး တာဝန် များကို ကျေပွန်စွာ ကြိုးပမ်းထမ်း ဆောင်သွားကြပါရန် တိုက်တွန်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလို သည်မှာ–

- **အမျိုးသားပညာရည်မြင့်မားမှု နှင့်တကွ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး မှသည် ပြည်ထောင်စုကြီး တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေး အတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင် သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်း လာစေရအောင် အမျိုးသားရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ် ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်း ပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်း ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

နှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနား အပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အောက် မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများ မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၂၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် မိုးစပါးစိုက်ကွင်းပြပွဲတက်ရောက် အောင်မြင်ဖြစ်ထွန်းနေသော ရွှေရင်အေးစပါးစိုက်ကွင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ရခိုင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးမှူးပြုလုပ်သည့် မိုးစပါးစိုက်ကွင်းပြပွဲ အခမ်းအနားကို ဩဂုတ်၂၄ရက် နံနက် ၉နာရီက စစ်တွေမြို့ ကန်တော်ကြီးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကြည်ဟန်က ကန်တော်ကြီးစိုက်ကွင်း၌ အထွက် ကောင်းမျိုး စိုက်ပျိုးထားရှိမှုနှင့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြ ပြီး ရေဇင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ် က စိုက်နည်းစနစ်နှင့် စပါးမျိုးများ၏ အရည်အချင်း လက္ခဏာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများက စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရွှေရင်အေးစပါး စိုက်ခင်းနှင့် စပါးစိုက်ကွင်းအား လှည့်လည်ကြည့်ရှုကြသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်တွေမြို့ မင်းဂံဆိပ်ကမ်းရှိ နယ်စပ် ကုန်သွယ်ရေးစခန်းရုံး၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (မင်းဂံရဲစခန်း)၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ရဲတပ်ဖွဲ့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (မင်းဂံဆိပ်ကမ်းမှူး)၊ ရေကြောင်းဦးစီးဌာန၊ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အသီးသီးတို့မှ တာဝန်ရှိသူများက မိမိ တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ တိုင်းမှူးက ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်တွေမြို့ ဆတ်ရိုးကျချောင်းနံဘေးရှိ ရွှေသရဝဏ်အအေးခန်းသို့ ရောက်ရှိပြီး ငါး၊ ပုစွန် ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်း ဆောင်၌ စက်ရုံမန်နေဂျာ ဦးအောင်ထိုက်က ငါး၊ ပုစွန်ထုတ်လုပ်မှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း မလေးရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၅ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ခ်ဆီရီဆာရက် ဟာမစ်ဘင် ဆာရက်ဂျာဖာအယ်လ်ဘာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီမှုများရရှိရန် စင်ကာပူနှင့် ပါကစ္စတန်တို့ တွေ့ဆုံဆွေးနွေး

စင်ကာပူ ဩဂုတ် ၂၉

စင်ကာပူနှင့်ပါကစ္စတန်နှစ်နိုင်ငံတို့၏ အပြန်အလှန်လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှု(အက်ဖ်တီအေ)ရရှိရေးအပေါ် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုသည် စင်ကာပူ၌ ဩဂုတ် ၂၆ ရက် သောကြာနေ့တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ထိုသို့ နှစ်နိုင်ငံအရာရှိများ တွေ့ဆုံဆွေးနွေးရာတွင် ကုန်ပစ္စည်းများ ကုန်သွယ်ရောင်းဝယ်ရာ၌ အခြေခံစည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများကဲ့သို့သော အက်ဖ်တီအေ၏ အဓိကကျသည့် ကိစ္စရပ်များအား သုံးရက်ကြာ ဆွေးနွေးခဲ့ကြသည်။

ယခုကဲ့သို့ နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုဆိုင်ရာ ဒုတိယအကြိမ် အစည်းအဝေးကို ပါကစ္စတန်နိုင်ငံတွင် လာမည့်နိုဝင်ဘာလ၌ ကျင်းပနိုင်ရန် ရည်မှန်းထားကြောင်းလည်း စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဥရောပလွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့၊ ဂျပန်နှင့်အိန္ဒိယတို့ အပါအဝင် ဒေသနှင့် နိုင်ငံပေါင်းကိုးနိုင်ငံတို့နှင့်လည်း လွတ်လပ်စွာကုန်သွယ်ရေး ထူထောင်ထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်ပပို့ကုန် အဝတ်အထည်များ ထုတ်လုပ်သည့် လုပ်ငန်းခွင်ကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အဆုတ်ရောဂါကာကွယ်ရေး အရေးပေါ်ကြေညာချက် အာဖရိကကျန်းမာရေးဝန်ကြီးများ ထုတ်ပြန်

မာပူတို ဩဂုတ် ၃၀

အာဖရိကကျန်းမာရေးဝန်ကြီးများသည် အာဖရိကတိုက်၌ အများဆုံးသေဆုံးသည့်ရောဂါကို ကျယ်ပြန့်စွာ လှုံ့ဆော်ဆောင်ရွက်ရန် အဆုတ်ရောဂါကာကွယ်ရေး အရေးပေါ်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဩဂုတ် ၂၆ ရက်၌ ပြောကြားသည်။

ထုတ်ပြန်

အဖွဲ့ဝင်ပေါင်း ၄၆နိုင်ငံ ပါဝင်သည့် ကျန်းမာရေးဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော အာဖရိကဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာ ကော်မတီက အာဖရိကဒေသတွင်း၌ အဆုတ်ရောဂါ အရေးပေါ်ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းတို့သည်မိုဇမ်ဘစ်၌လေးရက်ကြာဆွေးနွေးပြီးနောက် ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

တုံ့ပြန်

အာဖရိကဒေသနိုင်ငံ၌ ၁၉၉၀ပြည့်နှစ်မှ စ၍ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ လေးဆရှိလာပြီး အာဖရိကတိုက်တစ်ဝန်း တီဘီဖြစ်ပွားသူများတိုးလာမှု၊ နှစ်စဉ် ယင်းရောဂါကြောင့် လူသန်းထက်ဝက်ကျော် သေဆုံးနေရမှုတို့ကို တုံ့ပြန်ဆောင်ရွက်ရန် ကြေညာချက်တွင် ဖော်ပြသည်။

ပြောကြား

အဆုတ်ရောဂါသည် အိပ်ချ်အိုင်ဗွီပိုးရှိသူများအကြား သေဆုံးမှုမှာ ကမ္ဘာတစ်ဝန်း အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူများ၏ ၁၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ ရှိသူများ ကုသရေးဆောင်ရွက်ရန် အဓိကစိန်ခေါ်မှုပင်ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို ကျွမ်းကျင်သူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကန်သမ္မတ ဘုရှ်ကို ထောက်ခံသူဦးရေ တဖြည်းဖြည်း လျော့နည်းကျဆင်း

ဝါရှင်တန် ဩဂုတ် ၂၉

အမေရိကန်သမ္မတ ဘုရှ်၏ လုပ်ကိုင်ဆောင်ရွက်မှုများကို စစ်တမ်းကောက်ယူရာတွင် ဘုရှ်ကို သဘောကျကြောင်း ထောက်ခံမှုနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိကြောင်း သဘောထားဆန္ဒကောက်ယူမှုအသစ်တစ်ရပ်၌ ဖော်ပြထားသည်။

ဘုရှ်၏လုပ်ကိုင်ဆောင်ရွက်မှုများကို ထောက်ခံသူဦးရေ ၄၀ရာခိုင်နှုန်းရှိနေချိန်တွင် မထောက်ခံသူနှုန်းထားမှာ ၅၆ရာခိုင်နှုန်း ရှိနေကြောင်း ဩဂုတ် ၂၆ရက်ကထုတ်ပြန်သော ဂယ်လပ်လူထုသဘောထားကောက်ယူမှုစစ်တမ်းအသစ်တစ်ရပ်၌ ဖော်ပြထားသည်။

ဘုရှ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြီးခဲ့သည့် လူထုသဘောထားကောက်ယူမှု သုံးကြိမ်တွင် တစ်ကြိမ်နှင့်တစ်ကြိမ် လူထုသဘောထား မတိမ်းမယိမ်းရှိခဲ့သော်လည်း ယခုဩဂုတ်လတွင်မူ ၄၃ရာခိုင်နှုန်းအထိ ကြိုက်နှစ်သက်မှု လျော့ကျခဲ့သည်။

မကြာမီကပြုလုပ်ခဲ့သော ပြည်သူ့သဘောထားကောက်ယူမှုစစ်တမ်းတွင် ထောက်ခံသူ ၄၄ရာခိုင်နှုန်းနှင့် မထောက်ခံသူ ၅၃ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြီးခဲ့သည့် ဇွန်လက ပြုလုပ်ခဲ့သော ပြည်သူ့သဘောထားစစ်တမ်းတွင် ဖော်ပြသည်။

ထို့ကြောင့် သမ္မတဘုရှ်အပေါ် သဘောကျထောက်ခံသူနှုန်းမှာ ဆက်လက်ကျဆင်းနေမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဆက်လက်ကျဆင်းနေမည်ဖြစ်ကြောင်း ဂယ်လပ်က ဖော်ပြထားသည်။

ယခုနှစ် ပထမသုံးလပတ်ကာလတွင် ဘုရှ်အပေါ် ပြည်သူများသဘောကျလက်ခံမှုမှာ ပျမ်းမျှ ၅၀–၅၂ရာခိုင်နှုန်းရှိနေခဲ့ရာက ဖြည်းဖြည်းကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ ကန်ရဟတ်ယာဉ်ထိုးဆင်း တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၃၀

အီရတ်နိုင်ငံမြောက်ပိုင်း၌ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ဩဂုတ် ၂၉ရက် ညပိုင်းက မြေပြင်မှ တိုက်ခိုက်လာ၍ အတင်းထိုးဆင်းခဲ့ရာမှ ရဟတ်ယာဉ်ပေါ် လိုက်ပါသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ထိုးဆင်းသွား

အဆိုပါ ရဟတ်ယာဉ်သည် ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၄၀၀အကွာ တယ်အဖာသို့ ထိုးဆင်းသွားခဲ့ခြင်းဖြစ်သည်။

ထိန်းချုပ်ထား

အမေရိကန်တပ်ဖွဲ့ဝင်များအား မကြာခဏ တိုက်ခိုက်နေသည့် အဆိုပါမြို့သည် အမေရိကန်တပ်ဖွဲ့ဝင်များက ထိန်းချုပ်ထားသည့် မြို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကွန်ဂိုတွင်ဝမ်းရောဂါဖြစ်ပွား၊ လူ ၁၆ဦးထက်မနည်းသေဆုံး

လူဘမ်ဘာရှီ(ကွန်ဂို) ဩဂုတ် ၂၈

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ကင်းလှည့်ယာဉ်တန်းဖြင့် သွားလာနေကြသည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများမှာ ဝမ်းလျှောရောဂါများ ဖြစ်ပွားခဲ့ကြသဖြင့် လူ ၁၆ဦးထက်မနည်း သေဆုံးပြီး ရာပေါင်းများစွာမှာ ကူးစက်ခံစားခဲ့ရကြောင်း အကူအညီပေးရေး အရာရှိများက ပြောကြားသည်။

ကင်းလှည့်ယာဉ်တန်းဖြင့် သွားလာခဲ့ကြသည့် လူ ၃၀၀၀ခန့်သည် လမ်းတစ်လျှောက် ကျေးရွာများရှိ အဆိုပါ ရောဂါကူးစက်ခံခဲ့ရသည့် လူရာပေါင်းများစွာနှင့် ပတ်သက်ခဲ့ကြောင်း လူသားချင်းစာနာထောက်ထားရေး အလုပ်သမားများက ထုတ်ဖော်ပြောကြားသည်။

ကူးစက်

ကီဗူပြည်နယ် မြောက်ဘက်ရှိ ဂိုမာမြို့မှ အီတူရီဒေသရှိ ဘူနီယာမြို့သို့ ခရီးသွားလာခဲ့ကြသည့် ကင်းလှည့်ယာဉ်တန်းများထဲမှ ယခုအထိ ၁၆ဦး သေဆုံးပြီး ၃၀၀ကျော် ကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း အကူအညီပေးရေး အလုပ်သမားတစ်ဦးက ပြောကြားသည်။

ကြိုးပမ်း

ကင်းလှည့်ယာဉ်တန်း ယာယီရပ်တန့်ထားသည့် ဘေနီမြို့ရှိ အကူအညီပေးရေး အေဂျင်စီများသည် ယင်းအကျပ်အတည်းများအား ဖြေရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကီဗူပြည်နယ်မြောက်ဘက်ရှိ လူသားချင်းစာနာထောက်ထားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂရုံး အကြီးအကဲ ပက်ထရစ်လာဗင်ဟုမ်မီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

တိုက်ခိုက်ရေးသမားများပစ်ခတ်၍ အီရတ်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၉

ဘဂ္ဂဒက်မြို့၌ ဩဂုတ်၂၉ရက်က ဘဂ္ဂဒက်အုပ်ချုပ်ရေးမှူးဟောင်း၏ အစ်ကိုနှင့် အခြားအီရတ်တစ်ဦးအား အမည်မသိ တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

ဘဂ္ဂဒက်အုပ်ချုပ်ရေးမှူးဟောင်း အလီအယ်ဟိုင်ဒါရီ၏အစ်ကို မိုဟာမက်ရာဒီသည် အလုပ်သို့ ကားဖြင့်လာရောက်စဉ် ဘဂ္ဂဒက်မြို့အနောက်ပိုင်း၌ အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ အလီအယ်ဟိုင်ဒါရီသည် လွန်ခဲ့သော တစ်နှစ်ခန့်က လုပ်ကြံခံရ၍ သေဆုံးခဲ့သည်။ အခြားတစ်ဦးမှာ အရှေ့မြောက်ဘက် ဝါဇီးရီယာ၌ အမည်မသိသေနတ်သမား၏လက်ချက်ဖြင့် ဩဂုတ် ၂၉ရက်၌ သေဆုံးသွားသည်။ **(အင်တာနက်)**

တားမြစ်

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် နေရာအနီး ဝင်ရောက်ခြင်းမပြုရန် တားမြစ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ပဉ္စမအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ အစီအစဉ်ယှဉ်ပြိုင်မှုအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုအားပေးစဉ်။ (ထ–ပ–ဆ)

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ပဉ္စမအကြိမ်အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် သြဂုတ် ၃၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်တပ်ဖွဲ့ဝင်များ၏ ပဉ္စမအကြိမ် အဆို၊ အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်များကို သြဂုတ် ၂၉ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အကြံပေးပညာရှင်များဖြစ်ကြသော စာရေးဆရာ ဦးချစ်စံဝင်းနှင့် ဦးချစ်ဦးညို၊ ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်း၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တပ်မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)နှင့် အနုပညာ ဦးစီးဌာန(မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်၊စစ်သမီးများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ စာရေးဆရာ ဦးချစ်ဦးညိုက "ဇာတ်ခုံပေါ်မှရသများ" ခေါင်းစဉ်ဖြင့် ပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြဇာတ်ပြိုင်ပွဲကို ကျင်းပရာ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက "စိတ်ရိုင်းကို အတိတ်သမိုင်းမှာ ထားလိုက်ပြီ" ပြဇာတ်ဖြင့်လည်းကောင်း၊ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက "သဘောတူရင်လက်ခုပ်တီးပါ" ပြဇာတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် ပညာရှင်များ ဖြစ်ကြသည့် စာရေးဆရာ ဦးချစ်ဦးညိုနှင့် ဦးချစ်စံဝင်း၊ ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်းတို့က ပြိုင်ပွဲဝင် ပြဇာတ်တစ်ခုချင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ညပိုင်းတွင် အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ပြည်ကြီးမဏ္ဍိုင် အငြိမ့်အဖွဲ့ဖြင့် ယှဉ်ပြိုင်ကြသည်။

သြဂုတ် ၂၈ ရက်ကလည်း အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲက "မုန်တိုင်းလွင့်ချိန် ပန်းပွင့်ချိန်" ပြဇာတ်ဖြင့်လည်းကောင်း၊ အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက "ဒို့ထားရစ်ခဲ့မည့် အမွေအနှစ် ရွှေနိုင်ငံသစ်ဖြစ်ရမည်" ပြဇာတ်ဖြင့်လည်းကောင်း၊အမှတ်(၁)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက စိန်သရဖူ အငြိမ့်အဖွဲ့ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ခန့်အပ်

ရန်ကုန် သြဂုတ် ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးအောင်ခင်စိုးအား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အမှတ် ၅၇ အခန်း ၉ ၄၆ လမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးကြည်စန်း–ဒေါက်တာတင်တင်သန်း၊ သား ဒေါက်တာအောင်မောင်း–မဉ္ဇူမွှာမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။

(က–ပ)

ချင်းတွင်းမြစ်နှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်၌တည်ရှိနိုင်

ရန်ကုန် သြဂုတ် ၃၀

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ မော်လိုက်မြို့၌ စင်တီမီတာ ၁၂၄၀ သို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၆ စင်တီ မီတာသို့ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်

ရန်ကုန် သြဂုတ် ၃၀

၁၃၆၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက်(၂၀၀၅ခုနှစ် စက်တင်ဘာ ၂ ရက်) သောကြာနေ့ နံနက်၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသက **"မိစ္ဆာသမ္မာကျင့်နှစ်ဖြာ ပယ်ခွာကျင့်မိစ္ဆာတရားတော်"**ကိုလည်းကောင်း၊ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏေသနက **"ဝိဇ္ဇာစရဏပြည့်စုံမှ နိဗ္ဗာန်ရတရားတော်"**ကိုလည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာဆရာဝန် ဟောပြောပွဲကျင်းပ

ရန်ကုန် သြဂုတ် ၃၀

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာပေးအစီအစဉ်အရ Management of Impacted Wisdom Teethခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို သြဂုတ် ၂၁ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)တွင်ကျင်းပခဲ့ရာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကု ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်နှင့် ကထိက ဒေါက်တာဦးမြင့်ရွှေတို့က ဟောပြောပို့ချကြသည်။

ထိုဟောပြောပွဲတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးဘမြင့်နှင့် ပညာရပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဦးပွင့်ဖူးတို့က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး အသင်းဝင် သွားဘက်ဆိုင်ရာဆရာဝန်များနှင့် စိတ်ပါဝင်စားသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ညောင်ရိပ်သာ အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် သြဂုတ် ၃၀

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ၁၀၈တောင်ဇောဓိစွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသီကာရနည်းအရ ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က တော်သလင်းလဆန်း၁၀ရက်မှ လပြည့်ကျော်၁ ရက် အထိ (စက်တင်ဘာ ၁၂ရက်မှ ၁၈ရက်အထိ) ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများနှင့် အလှူပါဝင်လိုသူများသည် ဖုန်း–၅၄၇၀၂၅သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့်စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့များလက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်

ရန်ကုန် သြဂုတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ ခုနှစ် မေ၊ ဇွန်နှင့် ဇူလိုင်လတို့အတွင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ အိုက်ကျိုင်းနှင့် တပ်ကြပ်အဆင့်ရှိ အိုက်ရှဲန်တို့သည် ပစ္စတိုတစ်လက်၊ အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၉၆ တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၆၇၈)ခွဲ (၃)မှ တပ်ကြပ်ကြီးအဆင့်ရှိ အိုက်ဆောင်ယမ်းသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့် ၃၀ တို့ဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်)တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇၅၉)၊ ရင်း(၂၄၂)မှ တပ်သားဖူးမာ၊ အိုက်လောစ်၊ကာလိန်နှင့်စိုင်းနော်တို့သည် အမ်(၁၆)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်(၂၂)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံသုံးခု၊ ကျည်မျိုးစုံအတောင့် ၇၀တို့ဖြင့်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၄)မှ တပ်သားနေမင်းသည်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် အေပီအေတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ ခိုင်ပြည်လင်းသည်လည်းကောင်း၊ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁)မှ တပ်သားစောအက်စောနှင့် ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှနယ်မြေတာဝန်ခံဖားကျားတို့သည်လည်းကောင်း၊ အထူးတပ်ရင်းမှ တပ်သားစောအဲထူးသည် အေကေ(၄၇)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကာဘိုင်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံအတောင့် ၄၀ တို့ဖြင့်လည်းကောင်း၊ တပ်မတော်(၆) ရင်း(၁၇)မှတပ်ကြပ်ကြီးအဆင့်ရှိ စောဝါပွေးသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင် အဖွဲ့တပ်မဟာ(၄) ရင်း(၁၀)မှ တပ်ကြပ်အဆင့်ရှိစောခါးခါးနှင့် တပ်သားတာဆိတ်ဆိတ်တို့သည်အမ်(၁၆)မောင်းပြန်ရိုင်ဖယ်တစ်လက်၊၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် အတောင့် ၂၀၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း၊ ရင်း(၁၂)မှ တပ်ကြပ်အဆင့်ရှိအထွန်းနှင့်တပ်သား စောအောင်ထူးတို့သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်တို့ဖြင့်လည်းကောင်း၊ ဗကပတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားသက်နိုင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတပ်ကြပ်အဆင့်ရှိ ထောင်တာကျဲအိုနှင့်တပ်သားဘွဲ့ကျူးနွံတို့သည်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂)၊ ရင်း(၅)မှ ဒုဗိုလ်အဆင့်ရှိစောစောနှင့် ဌာနချုပ်မှ တပ်သားစောနစ်ဆင်တို့သည်လည်းကောင်း၊ ရင်း(၅)မှ ဒုဗိုလ်အဆင့်ရှိ ကျော်သဒိုး၊ တပ်သားစောဂပဲမူနှင့် စောဒဲမိုးတို့သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၆)မှ တပ်သားစောလဝါနှင့် စောစေးထူးတို့သည်လည်းကောင်း၊ ဌာနချုပ်တပ်ခွဲမှ တပ်သားဝင်းမြင့်သည် ကိုးလုံးထိုးသေနတ်တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ၂၈ ဦးအား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ပညာရည်ထူးချွန်သူများအား ဆုချီးမြှင့် အားကစားထူးချွန် မသန်စွမ်းကလေးများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၃၀

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အားကစားထူးချွန်မသန်စွမ်းကလေးငယ်များနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးပွင့်ကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ မိသားစုတို့က ပညာရေးရန်ပုံငွေအတွက် ငွေကျပ်ငါးသိန်း ပါဝင်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (လူမှုဝန်ထမ်း)

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက ၂၀၀၄ - ၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်မြင်ကြသည့် ကျောင်းသူ ကျောင်းသား ၁၂ ဦးတို့အား အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော အထူးအိုလံပစ်ပြိုင်ပွဲတွင် အားကစားထူးချွန် မသန်စွမ်းကလေးငယ် ၁၂ ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မစုပုံချစ်အား ဂုဏ်ပြုငွေပေးအပ်သည်။ ယင်းနောက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်မြင်သူများ ကိုယ်စား ရန်ကုန်အမျိုးသမီးကလေး သင်တန်းကျောင်းမှ ကျောင်းသူတစ်ဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ ရန်ကုန်အမျိုးသမီးကလေးသင်တန်း ကျောင်းမှ ကျောင်းသူခြောက်ဦး၊ ရန်ကုန်ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသားသုံးဦးနှင့် ကျောင်းသူတစ်ဦး၊ ရန်ကုန် ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းမှကျောင်းသား တစ်ဦးနှင့် မန္တလေးအမျိုးသမီးဖွံ့ဖြိုး တိုးတက်ရေးဌာနမှ ကျောင်းသူတစ်ဦး စုစုပေါင်း ၁၂ ဦးအောင်မြင်ခဲ့ကြသည်။

အဆိုပါဂုဏ်ပြုပွဲသို့ အလှူရှင်များ ဖြစ်ကြသော ဦးတင်လှနှင့် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန် ဒုတိယဆင့် ဒေါ်အေးအေးကြည် တို့က ငွေကျပ် ၁၀သိန်း၊ ACEဆောက်လုပ်ရေးလုပ်ငန်းမှ သီရိသုဓမ္မမဏိဇောတရေ စက်မှုစီးပွားထူးချွန် ပထမဆင့် ဦးတင့်သန်းနှင့် ဒေါ်ငွေငွေငြိမ်းတို့က ငွေကျပ်၁၀သိန်း၊ Sun Far Travel and Tour မှ ဦးသန်းဦး-ဒေါ်နှင်းကြည်တို့က ငွေကျပ်ကိုးသိန်း၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာတို့က ငွေကျပ်ခြောက်သိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးပွင့်ကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာ တင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်၊ မြေးမြစ် ရွှေပုဇွန်မိသားစုတို့က ငွေကျပ်ငါးသိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးဝင်းမြင့်က ငွေကျပ်ငါးသိန်း၊ မြန်မာပြည်သားဟော့ KN Co., Ltd. မှ သီရိသုဓမ္မမဏိဇောတရေဦးတင်ဝင်း-သီရိသုဓမ္မသိင်္ဂီဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်း၊ ILBCမှ ဦးတင်မောင်ဝင်း-ဒေါ်ရူပါ၊ Shine Hope Co., Ltd. မေတ္တာမွန်အဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ ဒို့ရွှေပြည်ဆောက်လုပ်ရေးမှ ဦးမြတ်စိုး၊ For Most Co., Ltd. မှ ဦးကြည်သိန်းတို့က ငွေကျပ်ငါးသောင်းအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၅၁ သိန်းတို့ကို ပညာရေးရန်ပုံငွေအတွက် ငွေပဒေသာပင်များ စိုက်ထူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ တံခွန်စိုက်ဆုရ လှိုင်သာယာမြို့နယ်အား တံခွန်စိုက်ဒိုင်းဆုပေးအပ်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီက အင်းစိန်မြို့နယ် ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးကော်မတီသို့ အလှူငွေပေးအပ်ပွဲကျင်းပရာ လှိုင်သာယာစက်မှုဇုန်(၁၊၂၊ ၃၊၄၊၆၊၇)တို့ စုပေါင်းလှူဒါန်းငွေကျပ်သုံးသိန်း၊ ရွှေပြည်သာမြို့နယ် PMG စက်ရုံက လှူဒါန်းငွေကျပ်နှစ်သိန်း၊ လှည်းကူးမြို့နယ်မှ ဦးအောင်မိုးကျော်က လှူဒါန်းငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် ဒွန်းတည်းခိုခန်း၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ ဦးသိန်းဇော်(ရွှေလင်ဗန်းစက်ရုံ)၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ (၂)၊ (၃)၊ (၄)၊ ရွှေလင်ဗန်းစက်ရုံတို့က လှူဒါန်းငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ လှိုင်သာယာစက်မှုဇုန်(၅)နှင့် အဏ္ဏဝါရေခဲစက် ကိုယ်စား ဦးမြမောင်က လှူဒါန်းငွေကျပ်နှစ်သိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ခရိုင်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ခရိုင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယဆုရသူများအား ဆုများကိုလည်းကောင်း၊ တံခွန်စိုက်ဆုရရှိသော လှိုင်သာယာမြို့နယ်အား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ် ၄/၁၆ အောင်ဓမ္မရိပ်သာလမ်း လှိုင်မြို့နယ်မှ ဦးမြင့်သိန်းကျော်-ဒေါ်ခင်မူမူထိုက်မိသားစုက အက်ဖ်အီးစီ ၂၇၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဩဂုတ် ၃၀ ရက် ရွာသွန်းသော မိုးရေချိန်များ

ပူတာအို	၃ ဒသမ ၉၄ လက်မ
ဟုမ္မလင်း	၂ ဒသမ ၄၈ လက်မ
ကျောက်ဖြူ	၂ ဒသမ ၄၈ လက်မ
ကော့သောင်း	၁ ဒသမ ၇၇ လက်မ
ခရမ်း	၁ ဒသမ ၆၅ လက်မ
ပျဉ်းမနား	၁ ဒသမ ၃၈ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁ ဒသမ ၃၈ လက်မ
ကျောက်ပန်းတောင်း	၀ ဒသမ ၆၇ လက်မ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပိုက်ဆက်အတတ်ပညာ အပိုင်း(၂)
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	မိုးလေဝသခန့်မှန်းချက်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်း သိကောင်းစရာ
၈း၃၅	Say it in English
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ အကယ်ဒမီခင်ယုမေအပိုင်း(၄)
၉း၃၀	မေးကြည့် ဖြေကြည့် ပဟေဠိ
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့်တွေ့ဆုံခြင်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ရော်ဘာကြိုတ်လုံးထုတ်လုပ်ပုံ အဆင့်ဆင့်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁၀း၀၀	**Man City˚˚- Portsmouth**	5-Cartoons(Delay)
၁၁း၃၀	**Goals**	5-Cartoons(Delay)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၅ မှ ၇-၉-၂၀၀၅)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
၆-လမှ ၅-နှစ်အရွယ် ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်အားဆေးမှီဝဲပါ။
အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)တွင် ဆေးပြားနှင့် ဆေးတောင့်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်လိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သိန်းထွန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေး–ပြင်ဦးလွင် ကားလမ်းမိုင်တိုင် ၃၅ ၌ မြေဧရိယာ ၃၆၃ ဒသမ ၆၅ ဧကပေါ်တွင် ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံစီမံကိန်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာမှစ၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ရည်မှန်းချက်ထားဆောင်ရွက်

အဆိုပါ စက်ရုံစီမံကိန်း ပထမအဆင့်အဖြစ် ၂၀၀၅ ခုနှစ် ဧပြီလမှစတင်၍ စက်စမ်းသပ် လည်ပတ်ခဲ့ပါကြောင်း၊ စီမံကိန်း၏ ဒုတိယအဆင့်အဖြစ် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၇ ခုနှစ် မတ်လအထိ စက်စမ်းသပ်လည်ပတ်ပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်း ပထမအဆင့် ထုတ်လုပ်မှုစက်စွမ်းအားအနေဖြင့် ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်တို့ကို ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှင်းလင်းတင်ပြ

စက်မှုကုန်ကြမ်းသီးနှံများကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက ဟဲဟိုးနှင့် သံတောင်ကြီး စိုက်ကွင်းများ၌ လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြင်ဦးလွင်မြို့နယ်၊ ငဖဲမြို့နယ် နတ်ရေကန်နှင့် သရက်ချောင်းမြို့နယ်တို့၌လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနက တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းဒေသ၌ လည်းကောင်း စမ်းသပ်စိုက်ပျိုးလျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သိန်းထွန်းက စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ထမ်းရေးရာ၊ စက်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်းတပ်ဆင်လည်ပတ်မှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)အတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုတင်စီမံဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁)က ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)နှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲက ပြည်သူများ အသုံးများသည့် အိမ်သုံးဆေးအမျိုးအစားများကို လွယ်လွယ်ကူကူနှင့် လုံလုံလောက်လောက် ဝယ်ယူအသုံးပြုနိုင်ရေး၊ မိမိတို့နိုင်ငံအတွင်း အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါကုသသည့် ဆေးဝါးများ ထုတ်လုပ်သွားရေး၊ ရောဂါအလိုက် အစွမ်းထက်မြက်သည့် အသက်ကယ်ဆေးဝါးများပါ ထုတ်လုပ်ရေးတို့အတွက် လမ်းညွှန်မှုပေးထားပြီးဖြစ်၍ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းအစီအစဉ်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်ရုံထုတ်ဆေးဝါးပစ္စည်းများကို ကျေးလက်နေပြည်သူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်မည့်အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးပြားနှင့် ဆေးတောင့်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို စက်ခန်းတစ်ခုချင်းအလိုက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ရန်၊ မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူစွာဖြင့် ဖြန့်ဖြူးနိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရရှိရန်နှင့် ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ရယူသုံးစွဲ၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာ အသိကြွယ်ဝစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံ(စီမံကိန်း)ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) သို့ ရောက်ရှိကြသည်။

ပဏာမရှင်းလင်း

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ခန်းမဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)သို့ ရောက်ရှိခဲ့ကြသည့် ခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)အဆောက်အအုံများ အကွက်ချပုံစံနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဝန်ထမ်းအင်အား၊ ပြည်တွင်းပြည်ပအစည်းအဝေးများနှင့် သင်တန်းများ စေလွှတ်မှုအခြေအနေ၊ တိုင်းရင်းဆေးသုတေသနဆွေးနွေးပွဲများပြုလုပ်မှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အထောက်အပံ့ဖြင့်ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ၊ လက်တွေ့သုတေသနပြုနိုင်ရန် ပရဆေးဥယျာဉ်ပျိုးထောင်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ချမှတ်ပေးထား ရည်မှန်းချက်ပြည့်မီရေးနည်းလမ်းများရှာဖွေပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

စာမျက်နှာ ၇ မှ

ယင်းနောက် အတွင်းရေးမှူး(၁)က မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက လုပ်ငန်းကဏ္ဍတိုင်းတွင် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ လေ့ကျင့်ပျိုးထောင်သွားရန် လမ်းညွှန်ချက်များချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆေးသုတေသနပြုဖော်ထုတ်တွေ့ရှိချက်များ မြန်မြန်ဆန်ဆန်ရရှိလာသည်နှင့် အမျှ ပြည်သူများ၏ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ထိထိရောက်ရောက် မြှင့်တင်ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးဝါးများကို ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်အားထား သုံးစွဲလာခဲ့ကြကြောင်း၊ အထူးသဖြင့် ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိနေကြရာ အဆိုပါဆေးဝါးများ၏အာနိသင်နှင့် ဖော်စပ်ပုံနည်းစနစ်များကို ခေတ်မီနည်းစနစ်များဖြင့် သုတေသနပြုမှတ်တမ်းတင်ထားရှိရန်လိုအပ်ကြောင်း၊ ဆေးဝါးတစ်ခုလုံး၏အာနိသင်နှင့် ယင်းတွင်ပါဝင်သည့် ပရဆေးတစ်မျိုးစီ၏အာနိသင်ကိုပါ သုတေသနပြုစမ်းသပ်ချက်များဖြင့် မှတ်တမ်းတင်ထားရှိရန်လိုကြောင်း။

အပြန်အလှန်အသိပေး

ထို့ပြင် ယနေ့ဈေးကွက်အတွင်းရောက်ရှိနေသည့် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၏အကျိုးအာနိသင်နှင့် ထိရောက်မှုများကိုလည်း စဉ်ဆက်မပြတ် သုတေသနပြုစစ်ဆေးပြီး သုံးစွဲရန်မသင့်ကြောင်းတွေ့ရှိပါက ပြည်သူများအား အလျင်အမြန်အသိပေးသွားကြရန်လိုအပ်ကြောင်း။

မိမိတို့၏ သုတေသနလုပ်ငန်းများဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ရှိ Electronic Library နှင့် စာအုပ်ခန်း၊ လက်တွေ့သုတေသနပြုလုပ်ရန် ဆေးဖက်ဝင်အပင် ၃၆၂ မျိုး၊ အပင်ပေါင်း ၉၅၀၂ပင် ပြုစုပျိုးထောင်ထားသည့် ပရဆေးဉယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အနီးစခန်းလေဆိပ်ရှိ အသစ်ထပ်မံတိုးချဲ့တည်ဆောက်နေသည့် အရှည်ပေ ၁၀၀၀၀၊ အကျယ် ပေ၂၀၀ရှိ လေယာဉ်ပြေးလမ်းသစ် ခင်းကျင်းပြီးစီးမှုနှင့် ပေ၃၀၀xပေ၆၀၀ အကျယ်ရှိ လေယာဉ်ရပ်နားရန်နေရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁)သံနှင့်သံမဏိစက်ရုံသို့ ရောက်ရှိကြသည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်အကြီးအကဲက တစ်နှစ်လျှင် သံစိမ်းနှင့် သံမဏိတန်ချိန် ၂၅၀၀၀ ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက်တာဝန်ပေးထားသဖြင့် ဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ၂၀၀၄ခုနှစ် ဇွန်လမှစတင် ဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာန၏ ပြည်တွင်းကုန်ကြမ်းရယူစုဆောင်းမှုအနေဖြင့် ကုန်ထုတ်လုပ်မှုတွင် အဓိကကျသော ကုန်ကြမ်းများဖြစ်သည့် သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ မဂ္ဂနီဒိုင်အောက်ဆိုဒ်၊ ခရိုမိုက်ကုန်ကြမ်းများကို မိမိအစီအစဉ်ဖြင့် အလျင်မီအောင် ထုတ်လုပ်စုဆောင်းခဲ့ပါကြောင်း၊ သံတို သံစကုန်ကြမ်းရရှိရေးအတွက်ကိုလည်း မိမိဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ အခြားသောဝန်ကြီးဌာနများနှင့် ဆက်သွယ်၍လည်းကောင်း ရယူခဲ့ပါကြောင်း။

လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်အရန်ပစ္စည်းများ အသစ်လဲလှယ်တပ်ဆင်အသုံးပြုနိုင်ခဲ့ခြင်းကြောင့် EAFနှစ်ဖိုပြိုင်တူကျိုချက်မှုကို ၂၀၀၄ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စက်ရုံ၏စက်မှုပြုပြင်မှုလုပ်ငန်းများကိုလည်း လုပ်ငန်းစီမံချက်ချမှတ်ပြီး စနစ်တကျပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် စီမံချက်ကာလအတွင်း ယခင်ကထက် သံစိမ်း၊ သံမဏိပိုမိုထုတ်လုပ်လာနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှာကြားထားသည့် တစ်နှစ်လျှင် သံစိမ်းနှင့် သံမဏိတန်ချိန်၂၅၀၀၀ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ကော်ဖီသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေး ဗဟိုဌာနတွင် ကာတီမိုး (Catimor) ပျိုးပင်များနှင့် အာရေဘီကာ (Arabica S.795) ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အတူပူးပေါင်းဆောင်ရွက်။

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်အကြီးအကဲက စက်မှုကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားလာရေးအတွက် နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်အောင် လိုအပ်သည့် ဖြည့်ဆည်းပေးမှုများနှင့်အတူ အစီအမံများ လမ်းညွှန်ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယခုအမှတ်(၁)သံနှင့်သံမဏိစက်ရုံ ကုန်ထုတ်စွမ်းအား တိုးတက်လာရေးအတွက်ကိုလည်း ရည်မှန်းချက်ပေးထားပြီးဖြစ်ရာ အဆိုပါရည်မှန်းချက်ပြည့်မီရေးအတွက် နည်းလမ်းများ ရှာဖွေပြီး ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံနှင့် သံမဏိစက်ရုံ သံပွထုတ်လုပ်သည့် မီးခံအုတ်နှင့် ပြည်တွင်း ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ ပြသထားမှုကိုလည်းကောင်း၊စက်ရုံအတွင်း သံစိမ်း၊သံမဏိတုံး၊သံမဏိလုံးနှင့် သံမဏိချောင်းများထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထုတ်လုပ်ဖြည့်ဆည်းပေး

ပြင်ဦးလွင်မြို့ အမှတ်(၁)သံနှင့်သံမဏိစက်ရုံသည် နိုင်ငံတော်၏ အထူးစီမံကိန်းကြီးများ၊ ရထားလမ်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုလယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး စက်ရုံများ၊ အကြီးစားစက်မှုလုပ်ငန်းများ၊ ကုန်ထုတ်သမဝါယမများနှင့် စက်မှုဇုန်များအတွက် လိုအပ်သော သံစိမ်း၊ သံမဏိတုံး၊ သံမဏိလုံးများနှင့် သံမဏိချောင်းများကို ထုတ်လုပ် ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ကော်ဖီသုတေသနနှင့် နည်းပညာ ပြန့်ပွားရေးဗဟိုဌာနသို့ ရောက်ရှိကြသည်။

မြေနေရာများရှာဖွေဖော်ထုတ်

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက နိုင်ငံတော်အကြီးအကဲက ဆန်စပါး၊ ပဲ၊ ပြောင်းအပြင် ပြည်ပပို့ကုန် အမယ်သစ်များ ရှာဖွေရန်နှင့် ပြည်ပတွင် ဈေးကွက်ရှိနေသည့် ကော်ဖီကို ဖြစ်ထွန်းအောင်မြင်နိုင်သည့် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များ၌ ဧကတစ်သိန်းပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်မှုပြုခဲ့သဖြင့် မြေနေရာများရှာဖွေဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်၌ ၅၉၂၄၂ ဧက နှင့် နောင်ချိုမြို့နယ်၌ ဧက ၅၅၀၀၀ စုစုပေါင်း ၁၁၄၂၄၂ ဧက ဖော်ထုတ်နိုင်ခဲ့ကြောင်း။

ယင်းဖော်ထုတ်မြေများအနက် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၂၀၀၀၀၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၄၀၀၀၀နှင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၄၀၀၀၀ စိုက်ပျိုးနိုင်အောင် စီမံချက်ချဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပုဂ္ဂလိကလုပ်ငန်းရှင် ၃၂၃ ဦးနှင့် အဖွဲ့အစည်း လေးဖွဲ့တို့အား နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ မြေဧက ၂၃၀၆၂ ဒသမ ၁၅ ဧက စိုက်ပျိုးရန် မြေနေရာများချထားပေးခဲ့ပြီးဖြစ်ပါကြောင်း။

မြေနေရာများခွဲဝေချထား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ လမ်းညွှန်မှာကြားချက်အရ ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသ၌ ကော်ဖီစိုက်ပျိုးရန် မြေလွတ်မြေရိုင်း ၄၁၂၂၅ ဧကကို ဖော်ထုတ်ပြီး လုပ်ငန်းရှင်များအား မြေနေရာများခွဲဝေချထားပြီးဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် မိုးရာသီတွင် ကော်ဖီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၈၇ သိန်းပျိုးထောင်ခဲ့ရာ ပျိုးပင် ၅၂ သိန်းဖြန့်ဖြူးခဲ့ပြီးဖြစ်ပါကြောင်း။

ကော်ဖီဧက တစ်သိန်းစိုက်ပျိုးရေးစီမံကိန်းအောင်မြင်ရေးအတွက် ဝန်ကြီးဌာနက ကော်ဖီစိုက်ပျိုးမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ ရေရရှိရေးနှင့် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံပိုင်ကော်ဖီခြံများ၏ မြေရေိယာနှင့် စိုက်ပျိုးထားမှု၊ နိုင်ငံပိုင်ခြံများ၌ ကော်ဖီ၊ လက်ဖက်နှင့် အရိပ်ရပျိုးပင်များပျိုးထောင်ထားမှု၊ ကော်ဖီစက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေ၊ ကော်ဖီသုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေ၊ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကော်ဖီစေ့ဝယ်ယူတင်ပို့ရောင်းချမှု အခြေအနေ၊ နှစ်အလိုက်ပြည်ပသို့ ကော်ဖီစေ့တင်ပို့မှုအခြေအနေနှင့် ဝင်ငွေရရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီးပွားဖြစ်စိုက်ပျိုး

ယင်းနောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်အကြီးအကဲက ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရရှိသည့် အမယ်သစ်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးသွားရန် လမ်းညွှန်ချက်များချမှတ်ပေးထားပြီး ကော်ဖီဧက တစ်သိန်းစိုက်ပျိုးသွားရေးကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်နှင့် နောင်ချိုဒေသများ၌ လုပ်ကွင်းလုပ်ကွက်များစွာရှိနေပြီး စိုက်ပျိုးအောင်မြင်နိုင်သည့် ရာသီဥတုအခြေအနေလည်းရှိကြောင်း။

ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြေယာပြုပြင်စိုက်ပျိုးပြီးသည့် လုပ်ကွက်ကြီးများကို တန်ဖိုးသင့်၍ ပြန်လည်ရောင်းချသည့်စနစ်ကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များသိရှိအောင် အသိပေးဖိတ်ခေါ်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကျေးရွာများမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြေယာလုပ်ပိုင်ခွင့်ချထားပေးခြင်းအပြင် ကော်ဖီမျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ နည်းပညာကူညီပံ့ပိုးပေးခြင်းနှင့် ချေးငွေရရှိရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲက ရည်မှန်းချက်ပေးထားသည့် ကော်ဖီဧကတစ်သိန်းပြည့်မီရေးအတွက် စီမံချက်အတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံတည်ဆောက်ရေးစီမံကိန်း၏ သံကူကွန်ကရစ်(တစ်ထပ်)ဆေးကုသဆောင်လေးလုံး၊ သံကူကွန်ကရစ် (နှစ်ထပ်)ဆရာဝန်နေအိမ်လေးခန်းတွဲနှစ်လုံးနှင့် သံကူကွန်ကရစ် (နှစ်ထပ်) သူနာပြုနေအိမ်ခြောက်ခန်းတွဲနှစ်လုံးအပါအဝင် လုပ်ငန်းတစ်ခုလုံးတည်ဆောက်မှုမှာ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ်၂၉ရက် နံနက်၇နာရီခွဲတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ အရာခံနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိ၊ အရာခံ မိသားစုဝင်များ တက်ရောက်ကြသည်။

အမှာစကား ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်ဦးလွင်မြို့ရှိ တပ်မတော် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ အရာခံနှင့် မိသားစုဝင် များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မှိုပျိုးထုပ်နမူနာများ၊ ဝန်ကြီးဌာနကော်ဖီခြံက ထုတ်လုပ်သည့် ထုပ်ပိုးပြီး ကော်ဖီမှုန့်များ၊ ကာတီမိုး (Catimor) ပျိုးပင် ခုနစ်သိန်းနှင့် အာရေဘီကာ (Arabica S.795)ပျိုးပင် တစ်သိန်း ပျိုးထောင်ထားမှုများနှင့် ကော်ဖီသီးအခွံချွတ်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံတည်ဆောက်ရေးစီမံကိန်းပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်စောဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကျေပွန်စွာထမ်းဆောင်

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အတူပူးပေါင်းဆောင်ရွက်သွားကြရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ အရာခံနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်ဦးလွင်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁) သံနှင့် သံမဏိစက်ရုံတွင် သံပွ ထုတ်လုပ်သည့် မီးခံအုတ်နှင့် ပြည်တွင်း ပြည်ပမှ ကုန်ကြမ်း ပစ္စည်းများကို ကြည့်ရှုစစ်ဆေး စဉ်။

(သတင်းစဉ်)

အိုဘယ့်...... BBC

ခြင်ကျား(မအူပင်)

နိုင်ငံတကာမှာ နည်းပညာဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ သတင်းနဲ့ ဆက်သွယ်ရေးပညာဟာ အရေးပါ တွင်ကျယ်လာခဲ့ပါတယ်။ သတင်းနဲ့ အချက်အလက်တွေကို တလွဲအသုံးချနေမှုတွေလဲ နေ့စဉ်နဲ့အမျှ ပေါ်ပေါက်နေတာကြောင့် အမျိုးသားရေးကိုယ်ခံအင်အားကောင်းတဲ့ မျက်စိနဲ့ နားကို ပြင်ဆင်ထားကြရပါလိမ့်မယ်။ ပြည်တွင်းကရော ပြည်ပကပါ ဝင်ရောက်လာတဲ့ သတင်းတွေကို မှန်မမှန်၊ ဟုတ်မဟုတ် ခွဲခြားစိစစ်ဖို့ လိုလာပြီဖြစ်ပါတယ်ဗျာ။

အခုတလော ပြည်ပအသံလွှင့်ဌာနတွေကနေ မြန်မာနိုင်ငံက ဒေသအဖွဲ့အစည်းနဲ့ ဝန်ထမ်းအဖွဲ့အစည်းအချို့ရဲ့ လူပုဂ္ဂိုလ်အချို့ကို အခြေခံတဲ့ သတင်းတွေကိုသာမကဘဲ BBC ဆိုရင် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံတော်နဲ့ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံထားတဲ့ သတင်းတွေကိုတောင် မတော်မတရားစော်ကားပြီး ထုတ်လွှင့်လာတာ ကြားလိုက်ရပါတယ်။ ဒီသတင်းတွေ ပေးပို့နိုင်အောင်လဲ ပြည်ပအသံလွှင့်ဌာနတွေက ရေလာမြောင်းသွယ် လိပ်စာပေးဆက်သွယ် ထပ်တလဲလဲ နှိုးဆော်ခဲ့ကြပါတယ်။ ပေးပို့သူတွေကလဲ ပင်ကိုက အမျိုးသားရေး ကိုယ်ခံအင်အားနည်းရှာလေတော့ နိုင်ငံနဲ့လူမျိုး အကျိုးရှိမရှိ မစဉ်းစား မဆင်ခြင်တော့ဘဲ မိမိရဲ့ ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေး ရှေ့တန်းတင်ပြီး လုပ်ကြံဖန်တီးပေးပို့နေကြတာကို တွေ့ရပါတယ်ဗျာ။

ထုတ်လွှင့်သူတွေဘက်က သတင်းမှန်ကန်မှုရှိမရှိ၊ သတင်းအထောက်အထား ခိုင်လုံတိကျမှုရှိမရှိ၊ ကြောင်းကျိုးဆီလျော်မှုရှိမရှိ၊ သင့်တော်သလား၊ မသင့်တော်သလား လုံးဝမစဉ်းစား၊ အသံလွှင့်ဌာနပိုင်နိုင်ငံနဲ့ ထူထောင်ပေးထားသူ နိုင်ငံတွေ၊ သတင်းဌာနပိုင်ရှင်တွေရဲ့ လိုတစ်မျိုး၊ မလိုတစ်မျိုး စံနှုန်းတွေဘက်မှ မတော်မတရားရပ်တည်ပြီး မလိုမုန်းထား မနာလိုရသမားတွေ မစားရ ဝခမန်းဖြစ်အောင် မြိန်ရေရှက်ရေ ထုတ်လွှင့်ကြေညာနေကြပါတယ်။ ဒီအသံလွှင့်ဌာနကြီးတွေဟာ သူတို့ ဆရာကြီးတွေရဲ့ အကျိုးစီးပွားကို ထိခိုက်လာရင် ဆတ်ဆတ်ထိမခံ ဆောင်ရွက်ပုံတစ်ခုကို သက်သေသာဓကအဖြစ် တင်ပြလိုက်ပါတယ်ဗျာ။

ကာလကတော့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာပဲ ဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာဖို့ အတွက် အင်္ဂလန်နိုင်ငံကို သွားရောက်ခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာတော့ မြန်မာနိုင်ငံကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အာမခံလိုက်တဲ့ “အောင်ဆန်း-အက်တလီစာချုပ်”ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

> **ဆရာတော် ဦးဥတ္တမက “ကုန်းဘောင်ခေတ်နှောင်းပိုင်း ကာလမှာ ညီနောင်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတယ်။ မြန်မာပြည်ကို ကျူးကျော်ချင်တဲ့ အင်္ဂလိပ်တွေကလဲ မီးလောင်ရာလေပင့်ခဲ့တယ်။ တိုင်းတစ်ပါးကို အားကိုးမှားရင် တိုင်းတစ်ပါးသားတွေဟာ သူတို့အလိုဆန္ဒပြည့်တဲ့ အခါ မသိကျိုးကျွန် ပြုသွားတာပဲ မဟုတ်လား” လို့ ပြောဆို ဆုံးမစကား မိန့်ကြားခဲ့ပါသတဲ့။**

ဒီသတင်းကို မြန်မာပြည်သူပြည်သားတွေ သိရှိနိုင်ဖို့အတွက် ကြိုးပမ်းသူကတော့ BBC ဗြိတိသျှအသံလွှင့်ဌာနကြီးရဲ့ မြန်မာပိုင်းအစီအစဉ်မှာ အမှုထမ်းနေတဲ့ မြန်မာလူမျိုး ဦးတင်မောင်ဆိုသူပဲ ဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက BBC ကနေ မြန်မာပြည်သူတွေထံ မိန့်ခွန်းပြောကြားဖို့ပဲ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ဗိုလ်ချုပ်ကိုယ်တိုင် BBC အသံလွှင့်ဌာနကြီးကနေ မြန်မာနိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးနဲ့စပ်လျဉ်းပြီး အသံလွှင့်ပြောကြားဖို့ ကြိုးစားစီစဉ်ခဲ့ပါတယ်။

BBCအသံလွှင့်ဌာနဟာ နာမည်ကြီးသလောက် ကြီးကြပ်အုပ်ချုပ်မှုအပိုင်းမှာ ကြိုးနီစနစ်ကိုကျင့်သုံးတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်အသံလွှင့်ပြောကြားဖို့ ဦးတင်မောင်နဲ့အတူ မြန်မာအမျိုးသား BBC အမှုထမ်းတွေဖြစ်ကြတဲ့ ဦးသောင်းခင်နဲ့ ဦးအောင်ခင်တို့ကလဲ BBC အုပ်ချုပ်ရေးပိုင်း အကြီးအကဲများနဲ့ အကြိမ်ကြိမ် ကြိုးစားညှိနှိုင်းခဲ့ရတယ်လို့သိရပါတယ်။ ဒီနေရာမှာ ပြည်ပသတင်းဌာနတွေမှာ သွားရောက်အမှုတော်ထမ်းနေကြရပေမယ့် အမျိုးသားရေးစိတ်ဓာတ် ပြင်းပြသူတွေ တစ်ခါက ရှိခဲ့ဖူးပေမယ့် ခုမရှိတော့ပါကလားလို့ တွေးမိလိုက်ပါသေးတယ်။

ဒီလို ကြိုးစားစီစဉ်လို့လဲ အသံလွှင့်ခွင့်ရရှိခဲ့ပါတယ်။ ဗိုလ်ချုပ်ကလဲ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေကို ဘိလပ်ကနေ ပူပူနွေးနွေး မင်္ဂလာသတင်းကောင်း လက်ဆောင်ပါးဖို့အတွက် သူ့ရဲ့အသံလွှင့်မိန့်ခွန်းမူကြမ်းကို ကိုယ်တိုင် ကြိုးစားပမ်းစား ရေးသားပြုစုတယ်လို့ ဆိုပါတယ်ဗျာ။

ဒီလို အသံလွှင့်မိန့်ခွန်းကို ကြိုတင် ရေးသားရတဲ့အကြောင်းကတော့ BBCအသံလွှင့်ဌာနရဲ့စည်းကမ်းကြောင့် ဖြစ်တယ်တဲ့ဗျ။ BBC မှာ အသံလွှင့်ပြောကြားချင်ရင် ပြောကြားမယ့် အကြောင်းတွေအားလုံးကို ကြိုတင်ရေးသားပြီး သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်ရဖို့ စိစစ်ခံရပါတယ်။ မြန်မာအဖွဲ့ခေါင်းဆောင်ရဲ့ “မြန်မာနိုင်ငံသို့ သဝဏ်လွှာ”ကိုလဲ ထုံးစံအတိုင်း BBC အာဏာပိုင်တွေထံမှာ တင်ပြရမှာဖြစ်လို့ ကြိုတင်ရေးသားရတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ဟာ မြန်မာနိုင်ငံသို့ ပို့ဖို့သဝဏ်လွှာကို အကောင်းဆုံးဖြစ်အောင် ကြိုတင်ရေးသားပြီး ဦးတင်မောင်ကတစ်ဆင့် BBC ကို ပို့ခဲ့တယ်။ အသံလွှင့်ဖို့ ချိန်းဆိုထားတဲ့ ဇန်နဝါရီလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီ အချိန်ရောက်တော့ BBCအသံလွှင့်ဌာနကို သွားကြရပါတယ်။

BBC ကိုရောက်တဲ့အခါ အသံလွှင့်မယ့်စာမူကို BBCအာဏာပိုင်တွေက စိစစ်ပြီးတဲ့အခါ အချက်အလက်အချို့ ဖြတ်တောက်ပြင်ဆင်ဖို့ လိုတယ်လို့ ဆုံးဖြတ်ခဲ့ပါသတဲ့ဗျာ။

BBCအကြီးအကဲတွေရဲ့ အကြောင်းပြချက်ကတော့ အသံလွှင့်မယ့်စာမူဟာ BBC မူဝါဒနဲ့ဆန့်ကျင်တဲ့ နိုင်ငံရေးကိစ္စတွေပါဝင်နေလို့ မူရင်းအတိုင်း အသံလွှင့်ခွင့်မပြုတာလို့ ဆိုပါတယ်။ အမှန်မှာတော့ အသံလွှင့်မယ့် စာမူမှာ မြန်မာ့လွတ်လပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဗြိတိသျှအစိုးရတို့ ဆွေးနွေးညှိနှိုင်းရရှိတဲ့ “အောင်ဆန်း-အက်တလီစာချုပ်”ပါ အချက်အလက်တွေရဲ့ အနှစ်သာရကို မြန်မာပြည်သူတွေကို မူရင်းအတိုင်း ဖောက်သည်ချထားခြင်းပဲ ဖြစ်ပါသတဲ့ဗျာ။

“အောင်ဆန်း-အက်တလီစာချုပ်”ရဲ့ အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှာ တောင်တန်းဒေသ ပြည်နယ်များအရေးကိစ္စဆိုပြီး ပါရှိခဲ့ပါတယ်။ ပြည်နယ်အသီးသီးက လူမျိုးစုခေါင်းဆောင်များက မိမိတို့ကလဲ မြန်မာပြည်မနဲ့ အေးအတူပူအမျှ လွတ်လပ်ရေး ရယူမယ်ဆိုတဲ့ ဆန္ဒသဘောထား တိကျစွာပေးရန် ၁၉၄၇ ခု ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ပင်လုံညီလာခံက မေးမြန်းဆန္ဒရယူရမယ်လို့ ဆိုထားတဲ့ အချက်ပါပဲဗျာ။

မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း BBC အသံလွှင့်ဌာနကတစ်ဆင့် အသံလွှင့်မယ့်သဝဏ်လွှာမှာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုက်တွန်းနှိုးဆော်တဲ့အချက်ဟာ BBC ရဲ့ “မူဝါဒ”၊ ကိုလိုနီနယ်ချဲ့ရဲ့အကျိုးစီးပွားကို ထိခိုက်ဆန့်ကျင်တယ်လို့ BBC က ယူဆခဲ့ပါတယ်။

အမှန်အတိုင်း အပိုအလိုမရှိ ရေးသားထားတဲ့သဝဏ်လွှာကို BBC အာဏာပိုင်တွေက တစ်စိတ်တစ်ဒေသဖြတ်မယ်၊ ပြန်လည်ပြင်ဆင်ရမယ်လို့ဆိုလာတဲ့အခါ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နဲ့ မြန်မာကိုယ်စားလှယ်အချို့က လက်မခံခဲ့ပါဘူးတဲ့ဗျာ။ အချို့လို့ သုံးရတာကလဲ ဘိလပ်ကိုသွားတဲ့ ကိုယ်စားလှယ်တွေထဲမှာ အင်္ဂလိပ်အလိုတော်ရိတွေလဲ ပါနေလို့ပါပဲ။

နောက်ဆုံးမှာတော့ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာပြည်သူတွေ ဦးဦးဖျားဖျားသိရမယ့် သတင်းဟာ သတင်းလွတ်လပ်မှုဆိုပြီး အသံကောင်းဟစ်နေတဲ့ BBC အသံလွှင့်ဌာနရဲ့ ကိုလိုနီနယ်ချဲ့စနစ်ကို အားပေးထောက်ခံတဲ့ မူဝါဒ၊ မြန်မာတိုင်းရင်းသားတွေ စည်းလုံးညီညွတ်သွားမှာကို မနာလိုမရှုဆိတ်တဲ့ အာဃာတတွေနဲ့ ဖြတ်တောက်ပိတ်ဆို့မှုကြောင့် အသံလွှင့်ခွင့် ဆုံးရှုံးသွားခဲ့ရပါတယ်ဗျာ။

ဒီဖြစ်ရပ်မှန်ဟာ ဗိုလ်ချုပ်ရဲ့ သွေးပါသူတွေရော၊ BBCသာ အဖ၊ BBC သာ အမိဆိုတဲ့ အမေကျော် ဒွေးတော်လွမ်းပြီး မျက်စိစုံမှိတ်ယုံမှတ်လို့ ပုံအပ်နေသူတွေအားလုံး ကိုလိုနီနယ်ချဲ့လက်သစ်နဲ့ လက်ဝေခံတွေရဲ့ အရှုပ္ပအတွင်းသဏ္ဌာန်ကို ပြန်လည် သိရှိနိုင်ဖို့ ဥပမာသာဓကတစ်ရပ်ပဲ ရှိပါသေးတယ်။ အမျိုးကိုထိရင် မချိအောင်နာတတ်သူများ ပိုမိုသိရှိနိုင်ဖို့ အလျဉ်းသင့်လို့ ဖော်ပြလိုက်တာ ဖြစ်ပါတယ်။ အခုလဲ သီပေါဘုရင်ကို ပုဂ္ဂိုလ်ရေးမကျေနပ်လို့ အင်္ဂလိပ် အစိုးရဆီမှာခိုလှုံခဲ့တဲ့ မြင်ကွန်းမင်းသားလိုလုပ်နေသူ အမျိုးသားသစ္စာဖောက်အချို့ ရှိနေပါတယ်ဗျာ။

နယ်ချဲ့ခေတ်မှာ ဆရာတော် ဦးဥတ္တမဟာ ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံမြို့ကို ကြွသွားတဲ့အခါ ဆိုင်ဂုံမှာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေရတဲ့ မြင်ကွန်းမင်းသားက ဆွမ်းကပ်ခဲ့ပါတယ်။ မင်းသားက ညီနောင်အချင်းချင်းမညီညွတ်လို့ တိုင်းပြည်ကျွန်ဖြစ်ရကြောင်း၊ မြန်မာပြည်ကို မပြန်လိုတော့ကြောင်း လျှောက်ထားပါတယ်။ ဒီအခါ **ဆရာတော် ဦးဥတ္တမက “ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလမှာ ညီနောင်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတယ်။ မြန်မာပြည်ကိုကျူးကျော်ချင်တဲ့ အင်္ဂလိပ်တွေကလဲ မီးလောင်ရာလေပင့်ခဲ့တယ်။ တိုင်းတစ်ပါးကို အားကိုးမှားရင် တိုင်းတစ်ပါးသားတွေဟာ သူတို့အလိုဆန္ဒပြည့်တဲ့အခါ မသိကျိုးကျွန် ပြုသွားတာပဲ မဟုတ်လား”လို့ ပြောဆို ဆုံးမစကား မိန့်ကြားခဲ့ပါသတဲ့**ဗျာ။

ဒီလို **ပြည်ပြေးတွေရဲ့ ပြည်တော်ပြန်မလှတဲ့ သာဓကတွေရှိပါလျက်ကယ်နဲ့ အနောက်မျှော်ပြီး အနောက်ကိုမှ အထင်ကြီးတဲ့သူတွေဟာ ပြည်တွင်းက မဟုတ်မမှန်သတင်းတွေ ပေးပို့ပြီး ပြည်ပဆရာကြီးတွေဆီက ထောက်ပံ့ကြေးတွေ ချူယူနေကြသလို အမျိုးသားရေးကိုယ်ခံအားနည်းသူတွေကလဲ သတင်းမဟုတ် အတင်းအဖျင်းကိုမှ အမှန်လို့ တရားသေ လက်ခံယူဆနေကြပါတယ်။** သတင်းစာတစ်စောင်၊ သတင်းဌာနတစ်ခုက သတင်းထောက်တစ်ယောက်၊ သတင်းပေးတစ်ယောက် ဖြစ်ဖို့ဆိုတာ သတ်မှတ်ထားတဲ့အရည်အချင်း သတ်မှတ်ချက်တွေ ရှိရပါတယ်ဗျာ။

အခုတော့ မြန်မာနိုင်ငံက အချို့သော အနောက်မျှော်အုပ်စုတွေဟာ မြန်မာနိုင်ငံက ဒေသအဖွဲ့အစည်းတွေနဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေရဲ့ အပေါ်၊ ပုဂ္ဂိုလ်ရေးမကျေနပ်မှုတွေအပေါ် မူတည်ပြီး အမှန်ထက် အမှားဖက်ပြီး ပုံကြီးချဲ့ကားထားတဲ့ လုပ်ကြံသတင်းတွေကို အနောက်အုပ်စုအသံလွှင့်ဌာနတွေအကြိုက် ဖောဖောသီသီပေးပို့နေကြပါတယ်။ ဒါဟာ နိုင်ငံရဲ့ အနာဂတ်အရေးကို မမျှော်တွေးဘဲ မျက်တောင်မွေးတစ်ဆုံးသာ ကြည့်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။

BBC အပါအဝင် အနောက်အုပ်စု အသံလွှင့်ဌာနတွေ၊ ပြည်ပဆရာကြီးတွေနဲ့ ၎င်းတို့လက်ဝေခံတွေ ထူထောင်ထားတဲ့ သတင်းမီဒီယာတွေကလဲ မိမိတို့ရဲ့ ကိုလိုနီလက်သစ်ဝါဒကို အထောက်အကူပြုရင် ပြီးရော၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး သတင်းမီဒီယာကျင့်ဝတ်ကိုမစောင့်စည်းဘဲ ထုတ်လွှင့်ပေးနေကြပါတယ်ဗျာ။

ပေးပို့သူတွေဟာ အလိုလို မိမိတို့ဘဝဟာ အမျိုးသားသစ္စာဖောက်ဘဝဖြစ်သွားပြီဆိုတာ အထူးသတိထားကြဖို့လိုပါတယ်။ အိမ်တွင်းရေးကိစ္စကို အဖေရင်း၊ အမေရင်းကို အသိမပေးဘဲ အမေကျော် ဒွေးတော်လွမ်းနေတာဟာ မဖြစ်သင့်တဲ့ကိစ္စလို့ ထင်မိပါတယ်။ ဘေးပြောတာကို မယုံဘဲ သွေးပြောတာကို ယုံကြမှ၊ သူခိုးကို ဓားရိုးမကမ်းဘဲ အမျိုးသားရေး သစ္စာကို စောင့်သိကြမှ မြန်မာနိုင်ငံရဲ့အနာဂတ် သာယာလှပဖြောင့်ဖြူးမှာ ဖြစ်ပါတယ်။

BBC အပါအဝင် အနောက်အုပ်စုရဲ့အပေါင်းပါ အသံလွှင့်ဌာနတွေက သတင်းလွတ်လပ်ခွင့်ကို မိမိတို့အသံလွှင့်ဌာနရဲ့ အတ္တအကျိုးနဲ့ ယှဉ်ပြီး စိစစ်မှုမရှိဘဲ မြန်မာနိုင်ငံ ဖရိုဖရဲနဲ့ ပြိုကွဲပျက်စီးရေးဆိုတဲ့ မစ္ဆေရစိတ်ထားနဲ့ ဝါဒဖြန့်ချိရေးလက်နက်အဖြစ် တလွဲသုံးနေကြသရွေ့ သတင်းနှင့်ဆက်သွယ်ရေးပညာဟာ **“အရှူးလက် သေနတ်အပ်သလို”** ဖြစ်နေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် BBC အပါအဝင် အချို့သော အသံလွှင့်ဌာနတွေရဲ့ ယနေ့မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းများ လုပ်ကြံထုတ်လွှင့်နေမှုဟာ **အရူးလက် သေနတ်အပ်**ဆိုတဲ့ ဥပမာနဲ့ ထိုက်တန်နေပါကြောင်း ဆိုလိုက်ချင်ပါရဲ့ဗျာ။ ။

> **ပြည်ပြေးတွေရဲ့ ပြည်တော်ပြန်မလှတဲ့ သာဓကတွေရှိပါလျက်ကယ်နဲ့ အနောက်မျှော်ပြီး အနောက်ကိုမှ အထင်ကြီးတဲ့သူတွေဟာ ပြည်တွင်းက မဟုတ်မမှန် သတင်းတွေပေးပို့ပြီး ပြည်ပ ဆရာကြီးတွေဆီက ထောက်ပံ့ကြေးတွေ ချူယူနေကြသလို အမျိုးသား ရေး ကိုယ်ခံအားနည်းသူတွေကလဲ သတင်းမဟုတ် အတင်းအဖျင်းကိုမှ အမှန်လို့ တရားသေလက်ခံယူဆ နေကြပါတယ်။**

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်တောကြိုးဝိုင်းများနှင့်သစ်စက်များကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၂၈ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတောင် သစ်ထုတ်ရေးဒေသရုံးသို့ ရောက်ရှိလာရာ ဒေသမန်နေဂျာဦးထွန်းအောင်က သစ်ထုတ်လုပ်မည့်စီမံချက်နှင့် သစ်တိုက် လမ်းကြောင်းများကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ ပဲခူးမြောက်ပိုင်း သစ်ထုတ်ရေးဒေသရုံးသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ဒေသလက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးမိုးက သစ်ထုတ်လုပ်မည့် စီမံချက်များ၊ ပင်ထောင်ရိုက်မှတ်ပြီးစီးမှုနှင့် သစ်တိုက်လမ်းကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် ၂၀၀၅–၂၀၀၆ ခုနှစ်ဆင်သေဆည် ရေဝေရေလဲ စိုက်ခင်းဧက ၉၃၀ သို့ ရောက်ရှိလာရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် ဦးစီးအရာရှိ ဦးအောင်နိုင် တို့က စိုက်ခင်းတည်ထောင်ထားရှိမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် အမှတ် (၂၀) သစ်စက် သာဂရသို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးမောင်မောင်သက်က သစ်များခွဲစိတ် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ သစ်စက်လည်ပတ်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(အပေါ်ဝဲပုံ)

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဖြူးမြို့နယ် ဖြူးကျွန်းကြီးပြင်ကာကွယ်တောနှင့် မြယာပင်ကြောကြိုးဝိုင်းတို့၌ တည်ထောင်ထားသော ၂၀၀၅ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၁၃၀၀ သို့ရောက်ရှိလာရာ ဖြူးမြို့နယ် ဦးစီးအရာရှိ ဦးဝင်းအောင်က စိုက်ခင်းအတွင်း ကျွန်းစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လိုက်လံပြသသည်။ ထို့နောက် ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် ဦးစီးအရာရှိ ဦးဝင်းအောင်တို့က စိုက်ခင်းများအခြေအနေကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း(အရှေ့) ညွှန်ကြားရေးမှူး ဦးအေးမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာမြို့ အမှတ်(၁၀၄) သစ်စက်သို့ရောက်ရှိလာရာ စက်ရုံမှူး ဦးမြတ်ကောင်းကျော်က သစ်ခွဲစိတ်မှု အဆင့်ဆင့်ခွဲစိတ်ပြီး သစ်ခွဲသားများနှင့် လွှသွေးစက်ခန်းတို့ကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ကကြီးမှူး၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှု လေ့လာဆန်းစစ်သုံးသပ်ခြင်းနှင့် မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာဖော်ထုတ်ခြင်းစီမံကိန်း၏ တတိယအကြိမ်မြောက် အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး ကိုယ်စား ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသ သတင်းအချက်အလက်ဗဟိုဌာနမှ အကြီးတန်း အစီအစဉ်ကျွမ်းကျင်သူဦးတင်အောင်မိုး တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်း အစီအစဉ်နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေးက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်အာရှနှင့် ပစိဖိတ်ဒေသ သတင်းအချက်အလက်ဗဟိုဌာနမှ ကိုယ်စားလှယ်က စီမံကိန်း၏ လုပ်ငန်းအစီအစဉ်နှင့် အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်မှု လေ့လာဆန်းစစ် သုံးသပ်ခြင်းလုပ်ငန်းတွင် စီမံကိန်းမှ ပါဝင်ဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

အလုပ်ရုံဆွေးနွေးပွဲ မွန်းလွဲပိုင်း အစီအစဉ်နှင့် ပတ်သက်၍ စီမံကိန်းဆိုင်ရာ ပြည်တွင်းအတိုင်ပင်ခံ ပုဂ္ဂိုလ်များက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှု လေ့လာဆန်းစစ် သုံးသပ်ခြင်းနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာဖော်ထုတ်ခြင်း အစီရင်ခံစာနှင့် အဆိုပါ လေ့လာဆန်းစစ်ချက်အတွက် ရွေးချယ်ထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ အညွှန်းကိန်းများကို ရှင်းလင်းတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပြန်လည် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် စီမံကိန်းဆိုင်ရာ ပြည်တွင်းအတိုင်ပင်ခံပုဂ္ဂိုလ်များက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှု လေ့လာဆန်းစစ်သုံးသပ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ ဖော်ထုတ်ခြင်း အစီရင်ခံစာနှင့် အဆိုပါ လေ့လာဆန်းစစ်ချက်အတွက် ရွေးချယ်ထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ အညွှန်းကိန်းများကို ဆက်လက် ရှင်းလင်းတင်ပြကြရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၄ ရက်က ကျောက်တံတားမြို့နယ် အမက(၆)ခန်းမတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ပညာရေးမှူးဦးအောင်ကြည်၊ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ညွန့်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၃၁–၈–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ပိုင်ကျုံရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ရုက္ခဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	၂၀၀၅ခုနှစ် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်အဆင့်) [အမျိုးသား]
၁၇း၀၅	၆။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၁၀	၇။	သီချင်းကြီးပဒေသာ
၁၇း၂၀	၈။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၇း၃၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၀	၁၀။	မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ
၁၈း၀၀	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျောက်ဆုံးသွားသော အရာ"** (အပိုင်း–၃) [ဇာတ်သိမ်းပိုင်း]
၁၉း၄၀	၁၅။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၀။	မြန်မာ့ဓာတ်ပြားခေတ်အစဉ် (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)

အင်အားအနည်းငယ် မြေငလျင်လှုပ်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာစံတော်ချိန် ၀၃ နာရီ ၀၂ မိနစ် ၅၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၂၆မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်ဘီမြို့အနီး)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေအားနည်းနေမည်

ရန်ကုန် ဩဂုတ် ၃၀

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင်မုတ်သုံလေအားနည်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားပြီဖြစ်သည်။

ဩဂုတ် ၃၁ ရက် ညနေထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းမည်

မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်၍ အခြေခံအလွှာအလိုက် မကြာမီပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များ မပျက်မကွက်တက်ရောက်ရွေးချယ်ပေးနိုင်ရန် ကြိုတင်အသိပေးအပ်ပါသည်။ အဆိုပါ ရွေးချယ်ပွဲများတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များနှင့် အစည်းအရုံးဝင် မဖြစ်သေးသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ နေ့ရက်များအတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နံနက် ၁၀နာရီမှစ၍ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

(၁)	မဟာဂီတနှင့် ကာလပေါ်ဂီတအလွှာ	၅–၉–၂၀၀၅
(၂)	စတီရီယိုအလွှာ	၆–၉–၂၀၀၅
(၃)	စက်မှုနှင့် ထုတ်လုပ်ဖြန့်ချိအလွှာ	၇–၉–၂၀၀၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

တည်ဆောက်ရေးလုပ်ငန်းများ အချိန်ဇယားနှင့်အညီ ပြီးစီးရေးဆောင်ရွက် စက်တပ်ဆင်ခြင်းလုပ်ငန်း အသင့်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထား

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီခွဲက မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာ ကျောင်းတိုက်ဝင်းအတွင်းကျင်းပသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မေတ္တာရင်ခွင် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တွဲဖက်ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘလှိုင်တို့က မေတ္တာရင်ခွင်ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ထို့နောက် တည်ဆောက်ဆဲ မုဒိတာရင်ခွင် ကျောင်းဆောင်သစ် တည်ဆောက်ရေးအတွက် စေတနာရှင်များ လှူဒါန်းသော အလှူငွေကျပ် ၁၆ သိန်းကို အလှူရှင်များကိုယ်စား မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်းမှူး ဦးတင်ရွှေကပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံရယူသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးနှင့် မိသားစုက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ် တည်ဆောက်ရန် အလှူငွေကျပ် ငါးသိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့သွားသည့် ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ မြေဧရိယာ ၆၁ ဒသမ ၁၉ ဧကပေါ်၌ မြန်မာ့ အထည်အလိပ်လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်သာ စွပ်ကျယ် စက်ရုံ (စီမံကိန်း)ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းဒါရိုက်တာ ဦးစိုးဝင်းက ပေ၂၄၀ x ပေ ၈၀ ရှိ စက်ထိုးထည်အလုပ်ရုံ တည်ဆောက်ပြီးစီးမှု ပေ၂၄၀ x ပေ ၁၆၀ ရှိ အချောကိုင် အလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မြန်မာ့ အထည်အလိပ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲဝင်းက သွင်းအားစုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ပမှ စက်ပစ္စည်းများဆိုက်ရောက်မှုများကိုလည်းကောင်း၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က စီမံကိန်းစက်ရုံအတွက် သုံးရေရရှိမည့် နည်းလမ်းအသွယ်ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ပစ္စည်းများမရောက်ရှိမီ မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို အချိန် ဇယားနှင့်အညီ ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပြည်ပမှ စက်ပစ္စည်းများ ရောက်ရှိပါက အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်ခြင်းလုပ်ငန်းများကိုအသင့်ဆောင်ရွက်သွားနိုင်ရေး ပြင်ဆင်ထားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ပြီးဖြစ်နေသည့် ပေ၂၄၀ x ပေ၈၀ ရှိ စက်ထိုးထည်အလုပ်ရုံ၊ ပေ၂၄၀ x ပေ ၁၆၀ ရှိ အချောကိုင် အလုပ်ရုံ၊ ပေ ၂၄၀ x ပေ ၁၂၀ ရှိ အထည်ချုပ်အလုပ်ရုံနှင့် ဆက်စပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော တောင်သာ စွပ်ကျယ်စက်ရုံ(စီမံကိန်း)သည် တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့ သွား သည့် ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းရှိ မြေဧရိယာ ၆၁ ဒသမ ၁၉ ဧက ပေါ်၌ တည်ရှိသည်။ စက်ရုံပြီးစီးပါက အတွင်းခံ အဝတ်ထည်စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ တစ်နှစ်လျှင် အထည် ပေါင်းနှစ်သန်းထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဗဟို အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၉ နာရီခွဲတွင် တောင်သာမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သော ဒသမ အကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

မွန်းလွဲ ၁ နာရီခွဲတွင် ဗဟို အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် ဇဂျမ်းကျေးရွာရှိဇဂျမ်းတိုက်နယ်ဆေးရုံ တည်ဆောက်မှုများကို ကြည့်ရှုပြီး လိုအပ်ချက်များပံ့ပိုးပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဇဂျမ်း အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သောပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ဇဂျမ်းကျေးရွာ တိုက်နယ် ဆေးရုံအတွက် အလှူငွေ ပေးအပ်ရာ အလှူရှင်များကိုယ်စား မြင်းခြံမှ ဦးရှိန်မြင့်နှင့် တောင်သာမြို့မှ ဦးသိန်းထွန်းတို့က အလှူငွေကျပ် ၃၅ သိန်းကို ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းထံ ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

လယ်တီစံ သာသနာ့ရိပ်သာ အလှူငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ပုဇွန်တောင်မြို့နယ် မဟာစည်ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာ ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ်၂၉ရက်(တနင်္လာနေ့)နံနက် ၈နာရီကကျင်းပရာပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ်(၃၀)နေ အလှူရှင် ဒေါ်ကျင်စိန် သားသမီးတစ်စုက ဦးညွန့်ရွှေအား ရည်စူး၍ အလှူငွေ ကျပ်တစ်သိန်းကိုလည်းကောင်း၊ အောက်ပုဇွန်တောင်လမ်း အမှတ်(၄၂၅)နေ အလှူရှင် ဒေါ်ယဉ်မြင့်နှင့် သားသမီးများက အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရိပ်သာအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီး ပြီးစီးရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ရိပ်သာ ဖုန်း-၂၀၁၆၃၄သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၅၂)

မဟာဘုမ္မာသက ဆွမ်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ကြီးမှူးလျက် (၃၁)ကြိမ်မြောက် မဟာဘုံမ္မာသက ဆွမ်းလောင်းပွဲတော်ကို ၁၃၆၇ခုနှစ် တော်သလင်းလဆန်း ၉ရက် စက်တင်ဘာ ၁၁ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၅နာရီတွင် ပင့်သံဃာအပါး ၃၀၀နှင့်တကွ သီလရှင်အပါး ၁၅၀တို့အား သီးစုံဆွမ်း၊ ဆွမ်းဆန်တော်၊ ငွေပဒေသာပင်မဲများနှင့်အတူ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်သွားမည်ဖြစ်ပြီး နံနက် ၉နာရီတွင် ဓမ္မာစကြာဓမ္မာရုံတော်ကြီး၌ ဆရာတော်ကြီးကိုယ်တော်တိုင် ရေစက်ချတရား ဟောကြားချီးမြှင့်မည် ဖြစ်သည်။

လှူဒါန်းနိုင်

သို့ဖြစ်ရာ ဆရာတော်ကြီး၏ ရပ်ဝေး ရပ်နီးမှ ရဟန်းရှင်လူ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



ပြည်သူတို့၏နေ့စဉ်ဘဝအခြေခံလိုအပ်ချက်များဖြည့်ဆည်းပေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဦးစားပေးရွေးချယ်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၂) သင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယခုသင်တန်းသို့ တက်ရောက်သော သင်တန်းသားများသည် မြို့နယ်များ၏ ခေါင်းဆောင်များဖြစ်၍ နာယက ဂုဏ်ခြောက်ပါးနှင့်အညီပြုမူကျင့်ကြံနေထိုင်ကြရန်၊ နယ်မြေလူထု၏ ယုံကြည်ကိုးစားမှုရရှိအောင် ဆောင်ရွက်ရန်နှင့် မိမိကိုယ်ကို စည်းရုံးရေးမှူး ခေါင်းဆောင်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူတို့၏ နေ့စဉ်ဘဝအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပေးကြရန်၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ချက်များအပေါ် ရိုးရိုးသားသား၊ ကြိုးကြိုးစားစား စေတနာထားဆောင်ရွက်ရန်၊ ပြည်သူချစ်သောဝန်ထမ်းဖြစ်အောင် ကြိုးစားကြရန်နှင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ကိုလည်း သတိပြုကြရန်လိုကြောင်း၊ အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး ပြည်သူနှင့်တစ်သားတည်းဆက်ဆံပြုမူနေထိုင်ကြရန်လည်း လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ဝန်ထမ်းသားသမီးများအား ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ပေးအပ်ပွဲကို ဩဂုတ် ၂၁ရက်က ဘုရင့်နောင်ရှိ ရုံးချုပ်ခန်းမတွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က စုစုပေါင်းငွေကျပ် ၁၅၆၆၀၀၀ ကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (၁၂၉)

မေတ္တာအေးဆရာတော် ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅လမ်း မေတ္တာအေး မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ မဟာစည် နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသုဇာတ အရှင်သူမြတ်သည် စက်တင်ဘာ ၁၀ ရက်တွင် သာကေတမြို့နယ် (၃)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံနှင့် ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက် ဓမ္မာရုံ၌ လည်းကောင်း၊ ၁၁ ရက်မှ ၂၀ ရက်အထိ သုံးခွမြို့နယ် လက်ပန်ရွာ အသောကာရုံကျောင်းတိုက် ၁၀ ရက် ဝိပဿနာတရားစခန်းပွဲ၌လည်းကောင်း၊ ၂၅ ရက်တွင် သာကေတမြို့နယ် (၃)ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၌လည်းကောင်း၊ အောက်တိုဘာ ၁၊ ၂ ရက်တွင် ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် မဟာစည်သာသနာ့ရိပ်သာတို့၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မန္တလေးတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ် ၂၆ ရက်က ကျောက်ဆည်မြို့သို့ရောက်ရှိ၍ ကျောက်ဆည်မြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းစက်ပစ္စည်းများ အစဉ်ကောင်းမွန်နေအောင် စစ်ဆေးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အော်တိုအိတ်ချိန်းသို့ရောက်ရှိ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆက်သွယ်ရေးလုပ်ငန်းများအခြေအနေကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် Mobile တယ်လီဖုန်းအိတ်ချိန်း စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ပြည်ကြီးတံခွန်စာတိုက်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ဗဟိုစာတိုက်ကြီးသို့ ရောက်ရှိပြီး စာပို့တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးအား တာဝန်ရှိပုဂ္ဂိုလ်များက စာပို့တိုက်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုစာတိုက်ကြီး အဆင့်မြင့်တိုးတက်ပြီး လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်နိုင်ရေး၊ လျင်မြန်၊ လုံခြုံမှုရှိစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့သို့ရောက်ရှိပြီး မြစ်သား မိုက္ကရိုဝေ့ဗ်စခန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ် ပထမတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ တပ်မတော်(ရေ)က လှျပ်စစ်စွမ်းအားကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် ပထမတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ တပ်မတော်(ရေ)အသင်းက လျှပ်စစ်စွမ်းအားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

တပ်မတော်(ရေ)အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၁၅ မိနစ်အကြာတွင် မျိုးဇော်က သွင်းယူပေးသည်။ လျှပ်စစ်စွမ်းအားအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် ဝင်းလှိုင်က သွင်းယူပေးသည်။ တပ်မတော်(ရေ)အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် နန်းဦးက သွင်းယူပေးသည်။ လျှပ်စစ်စွမ်းအားအသင်းသည် ဂိုးသွင်းခွင့်များ ပိုမိုရရှိသော်လည်း ဂိုးသွင်းမပိုင်နိုင်၍ ဒုတိယနှင့် ကျေနပ်နှစ်သိမ့်ခဲ့ရသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (လူထု/ပညာ) ဦးဉာဏ်ထွန်းက ဒုတိယရရှိသော လျှပ်စစ်စွမ်းအားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမရရှိသော တပ်မတော်(ရေ)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော တပ်မတော်(ရေ)အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီး အေးဖေက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်အားပေး

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ (ယူ-၂၃)လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာက ဖိလစ်ပိုင်ကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅ ခုနှစ် အာဆီယံ အသက်(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာလူငယ် ဘောလုံးအသင်းက ဖိလစ်ပိုင်လူငယ် ဘောလုံးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ရန်ပိုင်က သုံးဂိုးနှင့် မာလက သုံးဂိုးသွင်းယူပေးသည်။ မြန်မာလူငယ်အသင်းသည် အုပ်စု ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အရှေ့တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အေရိုးဗစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီ ဥက္ကဋ္ဌဒိုင်း အေရိုးဗစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း မြည်လာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက သက်ငယ်တန်း ကိုးယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အဖွဲ့များအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးက သက်ငယ်တန်း သုံးယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့်အဖွဲ့များအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက သက်ကြီးတန်း ကိုးယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အဖွဲ့များအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်စိုးဝတ်ရည်က သက်ကြီးတန်း သုံးယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အဖွဲ့များအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက တစ်ဦးချင်းစိတ်ကြိုက်စွမ်းရည်ပြပြိုင်ပွဲ ပထမဆုရ မယမင်းသူဇာ၊ ဒုတိယဆုရ မယမင်းသူအောင်၊ တတိယဆုရ မမေသကြိန်ဖူးနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော သတ္တမတန်းအဖွဲ့အားလည်းကောင်း တစ်ဦးချင်းဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အေးအေးက ပြိုင်ပွဲဝင်ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

(မြန်မာ့အလင်း)

မြန်မာလူငယ်အသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၅ ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ ထိုင်းလူငယ်အသင်းက မြန်မာလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ လူငယ်အသင်းအတွက် ပထမပိုင်း ၃၃ မိနစ်တွင် ပြည့်ဖြိုးဦးက တစ်ဂိုးသွင်းယူခဲ့သည်။

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ထိုင်းလူငယ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာလူငယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ အင်ဒိုနီးရှားလူငယ်အသင်းက နှစ်ပွဲရှုံး အမှတ်မရဘဲ အုပ်စုအဆင့်မှပင် ထွက်သွားရသည်။

မြန်မာလူငယ်အသင်းသည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အုပ်စု(ခ)မှ ပထမရရှိသည့်အသင်းနှင့် ဒုတိယ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdongပြည်နယ် CCPIT Guangdong Sub-Council မှ ဒုတိယဥက္ကဋ္ဌ Mr. Chen Yaohuan ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၈/၂၀၀၅)ကို ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၇/၂၀၀၅)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြော ဆွေးနွေးလေ့လာရေး လုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာ ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့နှင့်စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များကအဖွဲ့လုပ်ငန်း ဆောင်ရွက်ထားမှုများကို တင်ပြကြပြီး ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ်၂၆ရက်က မြို့နယ်သမ ဦးစီးရုံးခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဝယ်/ရောင်းအကောင်းဆုံး ပထမဆုရ ရတနာပုံအသင်းဥက္ကဋ္ဌ ဦးတင်မောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၈)

ဩဂုတ်၂၉ရက်က ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၏အာစရိယပူဇော်ပွဲကို ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက ဆရာဆရာမများအား လက်အုပ်ချီမိုးကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၃၀

ပြည် ဂျီတီအိုင် ကျောင်းသူကျောင်းသားဟောင်းများက အငြိမ်းစား ဆရာ၊ဆရာမကြီးများအား ယခုနှစ် ဒီဇင်ဘာ၄ရက် ညနေပိုင်းတွင် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသူကျောင်းသားဟောင်းများသည် ဦးခင်မောင်ဝင်း(77/EP) ဖုန်း–၀၉ ၅၀၀ ၄၅၂၅၊ တင်အေး (78/Civil) ဖုန်း–၀၉ ၅၀ ၀၃၇၈၂၊ သူကြီးမျိုးမြင့်(ခ)မြတ်သာဒွန်း(79/EP) ဖုန်း–၀၉ ၈၀၂၂၄၉၄၊ ဒေါ်တင်အောင်(79/Civil) ဖုန်း–၀၉ ၅၀ ၁၆၀၂၇၊ ချစ်ထွန်း (81/EP) ဖုန်း–၀၉ ၅၀ ၁၉၇၇၁၊ ထိန်ဝင်း (81/Civil) ဖုန်း–၀၉ ၅၀၀ ၉၄၂၅၊ ဒေါ်စန်းစန်းမြင့် (82/Civil) ဖုန်း–၆၄၂၅၄၂၊ အောင်မိုး (92/EP)ဖုန်း–၀၉ ၈၀ ၃၄၇၇၄၊ ဇင်လေးယု(92/Civil)ဖုန်း–၀၉ ၅၁၃ ၁၁၁၆၊ စည်သူမြင့် (99/EC) ဖုန်း–၅၁၃၈၈၇တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါနငွေပဒေသာပင် လှူဒါန်းပွဲ (သတ္တမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

နေ့ရက် – ၇–၉–၂၀၀၅(ဗုဒ္ဓဟူးနေ့)
အချိန် – မွန်းလွဲ (၂း၃၀)နာရီ
နေရာ –ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန် –

ဖုန်း–၂၄၅၆၀၅၊ ၂၄၅၆၂၄၊ ၃၇၀၃၃၉၊ ၃၇၉၇၆၉၊ ၂၅၂၄၅၁၊ ၂၅၂၄၅၈။

ပြန်ကြားရေးဝန်ကြီးဌာန။

တိုက်ခန်းရောင်းမည်

၂၅ပေ X ပေ ၅၀၊ အခန်းသုံးခန်း၊ သုံးလွှာ၊ အပေါ်ဆုံးထပ်၊ ၁၄–၂၀၂(ဘယ်)၊ ရတနာမွန် ၃ လမ်း၊ ကမာရွတ်၊ ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ **ဖုန်း–၆၃၉၄၅၅–၂၅၅။**







အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ အမှတ် ၁၂၂ တတိယထပ်(ယာ)ထောင့်ခန်းသည် ဒေါ်ခင်သန်းအေး ၁၂/လသန(နိုင်)၀၁၆၆၈၆ မှ ပိုင်ဆိုင်ဝယ်ယူထားသော အခန်းဖြစ်ပါသည်။

ရန်ကုန်တိုင်းတရားရုံး တရားမကြီးအမှုအမှတ် ၄၉၄/၂၀၀၂ အမှုတွင်လည်း ဒေါ်ခင်သန်းအေးက လက်ရောက်ရရှိရန် အနိုင်ဒီကရီရရှိထားပြီးဖြစ်ပါသည်။

ဖော်ပြပါအခန်းနှင့်စပ်လျဉ်း၍ ဒေါ်ခင်သန်းအေး၏ သဘောတူညီချက်တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခြင်းအရပ်ရပ်ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက မိမိတို့၏တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော်(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၀၊ ဘဏ်လမ်း၊ D_2
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၆၉၄၅၉။

ဒေါ်ခင်သန်းအေး
၁၂/လသန(နိုင်)၀၁၆၆၈၆

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ **Chief Accountant** **ကျား/မ (၁)ဦး(မန္တလေး)**
B.Com, C.P.A လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး Computerized Accounting ကျွမ်းကျင်ရမည်။ လုပ်ငန်းခွဲတစ်ခုလုံး/ရုံးခွဲတစ်ခုလုံး စာရင်းဇယားများကို တာဝန်ခံဆောင်ရွက်နိုင်ရမည်။

၂။ **Assistant Sales Manager** **ကျား/မ (၂)ဦး(မန္တလေး)**
ဘွဲ့ရပြီးသူဖြစ်ရမည်။ အရောင်းအဖွဲ့အား ဦးဆောင်နိုင်ပြီး စီမံကွပ်ကဲနိုင်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ ယာဉ်မောင်းလိုင်စင်ရှိပြီး ဆိုင်ကယ်ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။

၃။ **Senior Accountant** **မ (၃)ဦး (ရန်ကုန်)**
-B.Com, DA, LCCI ကွန်ပျူတာကိုင်တွယ်အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ နယ်ရုံးခွဲစာရင်းများအား တာဝန်ခံစစ်ဆေးနိုင်ရမည်။

၄။ **Accountant** **မ (၃)ဦး (ရန်ကုန်)**
-B.Com, DA, LCCI

၅။ **Executive Secretary** **(၂)ဦး (ရန်ကုန်)**
–ဘွဲ့ရ၊ Secretary လုပ်ငန်းအတွေ့အကြုံ(၁)နှစ်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။

၆။ **Sales Representative** **ကျား/မ (၅)ဦး**
–အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
–ရုံးစိုက်ရာမြို့မှ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
–ဘွဲ့ရဖြစ်ရမည်။

၇။ **Supervisor for Merchandising** **ကျား/မ(၁)ဦး**
–ဘွဲ့ရဖြစ်ရမည်။
-Merchandising/Sale/Advertising အတွေ့အကြုံ(၂)နှစ်ရှိသူ၊ နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ စာတိုက်သေတ္တာ အမှတ်(၃၈) မန္တလေး၊ ရန်ကုန်စာတိုက်သေတ္တာအမှတ်(၁၁၄)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း ကျောင်းဆောင်သစ်ဖွင့် မော်လမြိုင်ကျွန်းမြို့နယ်၌ ပထမဆုံးမူလတန်းအဆင့်ကျောင်းဖြစ်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၉

မော်လမြိုင်ကျွန်းမြို့ ဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းတွင် မြို့နယ်အလှူရှင်များ စုပေါင်းလှူဒါန်းသော ကျပ်ငွေ ၃၂သိန်းကျော်တန် တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၈နာရီက ကျောင်းဆောင်သစ် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း နာယကဆရာကြီး ဒေါ်မေဓာဝီက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။(**ဝဲပုံ**)

သင်ကြားပေးလျက်ရှိ

ယင်းဇေယျာသီရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းမှာ မော်လမြိုင်ကျွန်းမြို့နယ်တွင် ပထမဦးဆုံး ဖွင့်လှစ်သော မူလတန်းဆင့် ပညာရေးကျောင်းဖြစ်ပြီး အမျိုးသမီးငယ် ၅၅ဦးအား နာယကဆရာကြီး ဒေါ်မေဓာဝီနှင့် ဆရာလေးများက စနစ်တကျ ကြီးကြပ်သင်ကြားပေးလျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ အနယ်နယ်အရပ်ရပ်မှ ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် နာယကဆရာကြီး သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ ဇူလိုင်၃၁ရက်က မူဆယ်မြို့လေယာဉ်ကွင်းလမ်းခွဲတွင် မြေခင်းနှင့် မြက်ခင်းအလှ ဆောင်ရွက်မှု လုပ်ငန်းကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကျိုင်းလပ်မြို့ရေပေးရေးအတွက် ရေဂါလန် ၄၅၀၀၀ ဆံ့ရေစုကန် ဆောက်လုပ်ပြီးစီးမှုကိုဩဂုတ် ၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုးစစ်ဆေးရာ မြို့နယ်တာဝန်ခံနှင့် အင်ဂျင်နီယာတို့က ရှင်းလင်းစဉ်။ (မြို့နယ် စည်ပင်)



ကြို့ပင်ကောက်မြို့မဈေး၌ အမှိုက်များစုပေါင်းရှင်းလင်း

ကြို့ပင်ကောက် ဩဂုတ် ၂၅

ကြို့ပင်ကောက်မြို့ မြို့မဈေးအတွင်း အပြင်နှင့် ရုံးလမ်း၊ ပန်းတင်လမ်း ဘေးဝဲယာတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ ဆယ်ခြင်းကို ဒုတိယဦးစီးမှူး(အခွန်) ဦးအောင်ကြီးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်မှုကို ဩဂုတ် ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။(**အောက်ပုံ**)(**၀၄၀**)

အမြို့မြို့ အနယ်နယ် သတင်းများ

လှိုင်ကော်ခရိုင် ရဲတပ်ဖွဲ့ နယ်ထိန်းမွမ်းမံသင်တန်းဖွင့်

လှိုင်ကော် ဩဂုတ် ၁၈

ကယားပြည်နယ် လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့နယ်ထိန်းမွမ်းမံသင်တန်း (အခြားအဆင့်) အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၉နာရီက ပြည်နယ်ရဲတပ်ဖွဲ့ သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ ကယားပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိမ်းစိုးတက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိမ်းစိုး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစန်းလွင်၊ လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းတင့်၊ ဘောလခဲခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးငွေထွန်းနှင့် ပြည်နယ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များမှအရာရှိ၊ အရာခံများနှင့် လှိုင်ကော်၊ ဒီမောဆို၊ ဖရူးဆို မြို့နယ်များမှ သင်တန်းသားရဲတပ်ဖွဲ့ဝင် ၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(၀၆၆)**

မြန်မာ့အသံ

၁-၉-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသမီးလေ့လာရန် ဓမ္မပူဇာတေးများ

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေမည် တို့တိုင်းပြည်) (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သန်းခေါင်ယံဓမ္မအလင်းများ (သာမဏေကျော်) (၂)ပညာကြယ်ပွင့်စာစီစာကုံးများ (ဦးရဲဝေ-မြန်မာစာ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံဆောင်းပါး ရေးသားခြင်းအကြောင်း) (မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ရေညှိသုပ်နှင့် ကျောက်ပွင့်သုပ်)

ညနေပိုင်း

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ (ပုဗ္ဗဏှသုတ်ပါဠိနှင့်အနက်)

၁၆း၃၀ ထီပေါက်စဉ်

၁၆း၃၅ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၈း၁၅ မြန်မာ့မှု မြန်မာ့သဘင် ကွက်စိပ်အစီအစဉ် (တွံတေး ဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင် ရွှေပလ္လင် အောင်မြင်တော်မူခန်း)

ပုသိမ်မြို့ မဟာဗန္ဓုလလမ်း ကတ္တရာဖာထေးပြုပြင်

ပုသိမ် ဩဂုတ် ၂၆

ပုသိမ်မြို့ သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းပိုင်းများ မိုးရာသီကာလအတွင်း ကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၂ရက်က ပုသိမ်မြို့အဝင် မဟာဗန္ဓုလလမ်းမကြီးတစ်လျှောက်ရှိ လမ်းပေါက်များ ကတ္တရာဖာထေးပြုပြင်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ယာဉ်စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။(**အပေါ်ပုံ**)(**မြို့နယ် စည်ပင်**)

ပြည် မြို့နယ် သဇင်လှ - ဘောဘောကြီး- အောင်မြင်ဗာဟု ကျေးလက်မြေနီ လမ်း မိုးရာသီ အတွင်း လမ်း ပျက်စီးမှု မရှိစေ ရေးအတွက် မြေ ထိန်းနံရံများ ပြုပြင်ခြင်း၊ လမ်းဘေး ရေမြောင်းများ ထပ်မံ တူးဖော်ခြင်း လုပ်ငန်းများကိုအဖွဲ့ပိုင်စက်ယန္တရား များဖြင့် ဆောင်ရွက်ရာ ဩဂုတ်၁ရက်က အင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိခင်နို့တိုက်ကျွေးရေးအထိမ်းအမှတ်
ဘုတ်ပြင်းမြို့၌ကျင်းပ၊ အားဆေးဖြန့်ဝေ

ဘုတ်ပြင်း ဩဂုတ် ၁၅

ဘုတ်ပြင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁ရက်နံနက် ၁၀နာရီက ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာန ဆရာဝန် ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မိခင်နို့တိုက်ကျွေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင် မိခင်များအား အားဆေးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့၊ ဂုဏ်ပြုပွဲကျင်းပ

သန်လျင် ဩဂုတ် ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ပညာသင်ဆုပေး အပ်ပွဲနှင့် ရိုးသားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် မွန်းတည့် ၁၂နာရီက သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က အမှာစကားပြောကြား သည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ခရိုင်ဥက္ကဋ္ဌက ရိုးသား သည့် ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက်ဖြစ်သော တွံတေးမြို့နယ် ဌာနခွဲ (၅)မှ ယာဉ်မောင်း ဦးခင်မောင်သက်၊ ယာဉ်နောက်လိုက် ဦးခင်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ထောက်ပံ့ကြေးပေး

ဆက်လက်၍ ခရိုင်မော်တော် ယာဉ် လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းရှိန်(အငြိမ်းစား) နှင့် တာဝန်ရှိသူများက ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်း သား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၁၃သိန်း ကျော်ကို သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်မော်တော် ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန် ကုန် မြို့ ဗိုလ် တ ထောင် မြို့နယ် ၄၅ လမ်း အခန်း ၃ အမှတ် (၃၃)နေ ဦးစန်း လွင် ထွန်း - ဒေါ် ငွေးကြည်၊ သမီး မ ဆွေ ဆွေ ထွန်း မိ သား စု တို့ က ဧ ရာ ဝ တီ တိုင်း မြန် အောင် မြို့ ပ ရ ဟိ တ မြို့ ရွှေ ကျောင်း တိုက် မြန်အောင်သမ္မုဒ္ဒေ ဘုရား စေတီရံ၁၀၈ဆူအနက် တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

သံဖြူဇရပ်မြို့နယ် သံဖြူဇရပ် နှင့် ကရပ္ပိကျေးရွာသွား လမ်း ပေါက်ဖာထေးခြင်းနှင့် လမ်း အကျယ် တိုးချဲ့ဆောင်ရွက်ပြီးစီး မှုကို ဩဂုတ်၂၁ရက်က မွန်ပြည် နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်း စစ်ဆေး စဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

ငပုတော ဩဂုတ် ၁၆

ငပုတောမြို့နယ်အတွင်း ရှိ ကျေးရွာ စာကြည့်တိုက် များအတွက် ပထမအကြိမ် စုပေါင်းစာအုပ် လှူဒါန်း ပွဲကိုဩဂုတ်၁၅ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးဌေးကျော်က အမှာ စကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီး ဌာနဦးစီးမှူးဒေါ်မြင့်မြင့်ရွှေ က ကျေးရွာ စာကြည့် တိုက်များ ဖွင့်လှစ်ရေးနှင့် ရေရှည်တည်တံ့ရေးကို ရှင်းလင်း တင်ပြသည်။

ထို့နောက် စာအုပ် လှူဒါန်းပွဲကို ဆက်လက် ကျင်းပရာမြို့ပေါ်ရှိရပ်ကွက် ကျေးရွာ အုပ်စုများမှ အလှူ ရှင်များက စာအုပ် ၂၁၂၀ အတွက် ကာလတန်ဖိုးငွေ ကျပ် ၅၆၁၀၀၀ ကို ပေး အပ် လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ် ဦးစီးမှူး တို့က လက်ခံရယူကြ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရသေ့တောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၄-၂၀၀၅ ပညာ သင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူဖြူသိန်းအား ဂုဏ်ပြုပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ဩဂုတ်၇ရက်ကကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

တပ်ကုန်းမြို့သာယာလှပရေး ကတ္တရာထပ်ပိုးလွှာခင်း

တပ်ကုန်း ဩဂုတ် ၂၄

တပ်ကုန်းမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့က မြို့သာယာလှပရေး နှင့် သွားလာမှု လွယ်ကူစေရေးအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ပြုပြင်ဆောင်ရွက် လျက်ရှိရာ ဩဂုတ် ၁၂ရက်က စည်ပင် လမ်းအရှည် ပေ၇၀၀ ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည် ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာ ရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြ ကြောင်း သိရသည်။ (၂၆၆)

တီဘီရောဂါတိုက်ဖျက်ရေး အသိပညာပေးဟောပြော

ကျွန်းလှ ဩဂုတ် ၁၅

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေး အသိပညာ ပေး ဟောပြောပွဲကို ဩဂုတ် ၂ရက် က စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး ဝမ်းမောင်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာ ကိုကိုလေးနှင့် ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်ဥက္ကဋ္ဌ များ တက်ရောက်ကြပြီး တီဘီရောဂါ တိုက်ဖျက်ရေးဆောင်ရွက်ရန် ဆွေးနွေး ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင် ကာယအလှမယ်သင်တန်းဆင်း

ဖျာပုံ ဩဂုတ် ၂၉

ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လေး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီး အားကစားမြှင့်တင်ရေးအဖွဲ့တို့က ဦးဆောင်ဖွင့်လှစ်သော ဖျာပုံခရိုင်လေးမြို့နယ်ကာယအလှမယ် သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက်၉နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြက ဗဟိုကာယအလှ နည်းပြဆရာမ ပြည်ထောင်စုမယ် ဒေါ် ဖြူဖြူခိုင်အား ငွေသားကျပ် တစ်သိန်းခွဲ နှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

သရုပ်ပြ

ဆက်လက်၍ ဖျာပုံခရိုင်ရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့ နယ်များမှ ကာယအလှမယ်သင်တန်း သူ ၁၂ဦးတို့က သရုပ်ပြကြပြီး ဗဟိုနှင့် တိုင်းအဆင့်တွင် ဆုရရှိခဲ့ကြသည့် ကာယအလှမယ် ညှော့သည်များက သရုပ်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၉ ရက်က တိုက်ကြီး မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အဖျောက် ရုံးခွဲမှ ဒုတိယ ဦးစီးမှူး ဦးဝင်းရွှေနှင့် ဝန် ထမ်းများ မြို့ သာ ယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး အတွက် ပန်း အလှ ပင် များ စိုက် ပျိုး ကြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးညှိနှိုင်းဆွေးနွေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ သီပေါမြို့၌ ကျင်းပ

သီပေါ ဩဂုတ် ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာကြည့် တိုက်များ ရေရှည်တည်တံ့ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်၊ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်း အနားကို ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီက ကျင်သီကျေးရွာ ပညာ့ အလင်းစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာကြည့် တိုက် ရေရှည်တည်တံ့ရေးနှင့် စာအုပ် စာပေများ တိုးပွားရေးတို့အတွက် လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးရှိန်က စာပေမှရရှိသော ဗဟုသုတ အကျိုးကျေးဇူးများကိုလည်း ကောင်း ဟောပြောပြီး ကျေးရွာစာ ကြည့်တိုက်အတွက် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးသို့ မြို့နယ်ဦးစီးမှူးက စာအုပ်များပေးအပ် လှူဒါန်းသည်။

ဖတ်ရှုလေ့လာ

ဆက်လက်၍ ကျေးရွာပြည်သူ များက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်း ကျင်းပြသထားသည့်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဖတ်ရှု လေ့လာကြသည်။

(၃၀၆)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နာရီစင် အုတ်လှေကားဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မိုးကောင်းမြို့၌ ကတ္တရာလမ်းခင်း

မိုးကောင်း ဩဂုတ် ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နတ်ကြီးကုန်း ရပ်ကွက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၁၇၅၀၊ အကျယ် ၁၂ပေရှိနတ်ကြီးစင်လမ်းကို စည်ပင်သာယာရေးအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၄၃၄၀၀၀၀ အကုန်အကျခံကာ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မြတ်မြတ်သူတို့ ဩဂုတ် ၁၀ ရက်က အဆိုပါကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုပြီး သတ်မှတ်စံချိန် စံညွှန်းကိုက်ညီမှုဖြင့် အချိန်မီ ပြီးစီးရေးအတွက် ကြီးကြပ် ဆောင်ရွက်ကြသည်။

(၄၁၆)

နိုင်ငံသားစိစစ်ရေးကတ် ခန္တီးခရိုင်၌ ဆောင်ရွက်

ခန္တီး ဩဂုတ် ၂၃

ခန္တီးခရိုင်ဟုမ္မလင်းမြို့နယ်ဟဲခမ်းအုပ်စု သဖန်းကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား ဟုမ္မလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ဆွေဦးဆောင်သော ရုံးဝန်ထမ်းများနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်တို့သည် ဩဂုတ် ၁၁ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ခန္တီး ခရိုင်ဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ငွေတို့ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(မြို့နယ် လဝက)

မိုင်းဖြတ်မြို့၌ အသင်းဝင်အဆိုပြုလွှာပေးအပ်

မိုင်းဖြတ် ဩဂုတ် ၂၆

မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝမ်မိုင်ရပ်ကွက်လုံးကျွတ် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက်က ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်းဇော်နှင့်မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အတွင်းရေးမှူး ဦးထွန်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဝမ်မိုင်ရပ်ကွက် စည်းရုံးရေးမှူး ဦးအောင်နိုင်က အဆိုပြုလွှာများကို ပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းရီ(၁)က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ရန်ကုန်နှင့် မန္တလေး ပန်တျာကျောင်းများ ညနေပိုင်း သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ရန်ကုန်ပန်တျာကျောင်းနှင့် မန္တလေးပန်တျာကျောင်းတို့တွင် မြန်မာဂီတာ၊ဒုံမင်း၊ မယ်ဒလင် ညနေပိုင်းသင်တန်းများအား ဖွင့်လှစ်သင်ကြားလျက်ရှိရာ တက်ရောက်သင်ကြားလိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ ညနေပိုင်းသင်တန်းသို့ လျှောက်ထားသူများသည် အသက်(၁၂)နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။ သင်တန်းချိန်မှာ ညနေပိုင်း(၄း၀၀)နာရီမှ ညနေ(၅း၃၀)နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အရည်အချင်း သတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို ရန်ကုန်/မန္တလေးပန်တျာကျောင်းများတွင် စုံစမ်းရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် ညွှန်ကြားရေးမှူး၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁)ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်။

ညွှန်ကြားရေးမှူးချုပ်

အနုပညာဦးစီးဌာန။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် က/၁၈၅၉အား ဏ/၁၁၈ သို့ အကွဲရာပြောင်းထားသော ယာဉ်၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကြော်ငြာပါသည့် ရက်မှ၁၅ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ကော့သောင်း)။**



အသိပေးကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဖေကျော် ၁၂/ရကန(နိုင်) ၀၃၈၉၂၈ သည် မိဘများ စိတ်ဆင်းရဲ အရှက်ကွဲအောင် ပြုလုပ်နေပါသည်။ သို့ပါ၍ ၎င်းနှင့်ပတ်သက်ပြီး မိဘများက တာဝန်ယူမည်မဟုတ်ပါကြောင်း။

ဦးကျော်မြင့်(အကောက်ခွန်) ၁၂/ရကန(နိုင်)၀၃၈၉၂၇

ဒေါ်သန်းသန်းဝင်း ၁၂/ရကန(နိုင်)၀၃၈၉၂၉။

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်ဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်-

စဉ်	ယာဉ်အမှတ်	ယာဉ်အမျိုးအစား
(က)	ဈ/၃၅၄၂	ဘီ- ၆၀၀
(ခ)	ဓ/၁၆၇၀	ဘီ- ၆၀၀
(ဂ)	ဈ/၃၅၈၇	ဘီ- ၆၀၀
(ဃ)	ဈ/၃၂၆၅	ဘီ- ၆၀၀
(င)	ဓ/၈၄၀၆	ဘီ- ၆၀၀
(စ)	ဈ/၃၅၁၂	ဘီ- ၆၀၀
(ဆ)	ဓ/၉၂၁၃	ဘီ- ၆၀၀
(ဇ)	ဈ/၁၈၉၁	ဘီ- ၆၀၀
(ဈ)	ဓ/၂၉၄၉	အီး-၂၀၀၀
(ည)	ဆ/၃၄၃၃	နီဆန်းကယ်ရီယာ
(ဋ)	ဓ/၂၁၇၁	နီဆန်းကယ်ရီယာ

၂။ ယာဉ်တည်နေရာ -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၃။ တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက် -၂၉-၈-၂၀၀၅ရက်နေ့မှ ၂-၉-၂၀၀၅ရက်နေ့အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါစတင်တင်သွင်းမည့်နေ့ရက် -၅-၉-၂၀၀၅ရက်နေ့မှစ၍ (ရုံးချိန်အတွင်း)

၅။ တင်ဒါသွင်းရမည့်နေရာ -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှု(၁)နှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၆။ တင်ဒါသွင်းရမည့် နောက်ဆုံးနေ့ရက်၊အချိန် -၉-၉-၂၀၀၅ရက်နေ့၊ (၁၂း၀၀)နာရီ

၇။ တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန် -၉-၉-၂၀၀၅ရက်နေ့၊(၁၃း၀၀)နာရီ

၈။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၂၅၀၀/-(ကျပ်နှစ်ထောင့်ငါးရာတိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

အမှတ် (၁) စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

စက်ဘီးစက်ရုံ (ရန်ကုန်)နှင့်(ကျောက်ဆည်)

မှ

ထုတ်လုပ်သော မောင်မြန်မာစက်ဘီးများနှင့် အပိုပစ္စည်းများ

ကိုယ်စားလှယ်ရယူရောင်းချလိုပါက

အောက်ပါလိပ်စာများအတိုင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်

- အမှတ် ၁၉၂ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၆၆၀၅၉၊ ၅၆၀၆၈၃၊ ၅၆၀၆၈၂
- စက်ဘီးစက်ရုံ (ရန်ကုန်) ဖုန်း - ၀၁-၂၉၀၀၁၉၊ ၂၉၀၀၂၀
- စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၀၅၃၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၂၈၅၂၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (မြိတ်မြို့)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(တိုင်းရုံး) မြိတ်မြို့၊(တနင်္သာရီတိုင်း)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်မောင်ဝင်း မှတ်ပုံတင်အမှတ်YSO-၁၄၅၁၈၅ကိုင်ဆောင်သည့် ဒုတိယတန်း စက်ခန်းအုပ်စာအုပ်အမှတ် (ကု/၃၁/၇၉) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၅၃၉၇၀၂။**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် လေယာဉ်ပြေးလမ်းသစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရန်နှင့် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရေး ပြည်သူများ၏အားကိုရယူပြီး ကြိုးပမ်းဆောင်ရွက်ခဲ့၍ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များနှင့်အတူ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အမျိုးသားရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈နာရီ ၄၅ မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)